# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 7 April 2023 ၁၁၀၆၃


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်မှ ခြေလျင်တပ်စုမှူးသင်တန်းသားများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဒေသရှိ တိုင်းရင်းသားပြည်သူလူထုက ယုံကြည်ကိုးစားရသော တပ်နယ်၊ နိုင်ငံတော်၊ တပ်မတော်က အားထားရသည့် တပ်နယ်တစ်ခုဖြစ်အောင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်

## လက်ရှိတည်ဆောက်ထားသည့် ရေပက်မဝင်သော စည်းလုံးမှုကို ဆက်လက်ခိုင်မြဲအောင် ထိန်းသိမ်း

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဗထူးတပ်နယ်မှ ခြေလျင်တပ်စုမှူးသင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းရှိ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး စာရေးသင်တန်းသားများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အောင်ဆန်းခန်းမနှင့် တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းခန်းမတို့တွင် သီးခြားစီတွေ့ဆုံ၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍လည်းကောင်း အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ ဖတ်စရာ


**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ » ၆

**၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ » ၉



**ကမ်းသောလက်တွေ ညှောင်းလှုပြီ**

စာမျက်နှာ » ၁၆

ကြေးမုံ

# ပြည်သူ့အကျိုးစီးပွားဖျက်ဆီးသည့် အကြမ်းဖက်သမားများကိုတိုက်ဖျက်

ပြည်သူများ လူမှုစီးပွားဘဝတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသောကဏ္ဍဖြစ်သည်။ ပြည်သူများအနေဖြင့် လျှပ်စစ်စွမ်းအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့အောင် လိုအပ်နေသည့် လျှပ်စစ်စွမ်းအားများ အပြည့်အဝပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမှုကို လျစ်လျူရှု၍ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒီမိုကရေစီအရေး၊ ပြည်သူများအရေးဟု အမည်ခံသုံးနှုန်းပြီး ရဟန်း သံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ခြင်း၊ ဖျက်ဆီးခြင်းများပြုလုပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သမားများ၏ နိုင်ငံအတွင်း ဖျက်ဆီးမှုများတွင် ပြည်သူများ၏ နေ့စဉ်လူမှုဘဝ၌ မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားဆိုင်ရာတို့အား မကြာခဏဖျက်ဆီးနေသည်ကို စိတ်မကောင်းဖွယ်တွေ့ရသည်။

အကြမ်းဖက်အဖျက်သမားများသည် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့်ဓာတ်အားခွဲရုံများကို ဖျက်ဆီးခဲ့သည်မှာ ၂၂၉ ကြိမ်ရှိပြီဖြစ်သည်။ မကြာသေးမီရက်ပိုင်းက မော်လမြိုင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ နိုင်ငံတော်ဓာတ်အားစနစ်သို့ ဖြန့်ဖြူးပေးလျက်ရှိသည့် သထုံ-မော်လမြိုင် ဓာတ်အားလိုင်းမှ တာဝါတိုင်နှစ်တိုင်ကို ထပ်မံမိုင်းခွဲဖျက်ဆီးခဲ့ရာ ပြည်သူများ နေ့စဉ်ဘဝတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ ဧပြီလ ၄ ရက်နေ့ကလည်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သာယာကုန်းကျေးရွာရှိ ၂၃၀/၃၃/၁၁ ကေဗွီ ၁၆၀ အမ်ဗွီအေ သာယာကုန်းပင်မဓာတ်အားခွဲရုံအား ဒရုန်းဖြင့် ဗုံးများပစ်ချတိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းနှစ်ဦး ထိခိုက်ဒဏ်ရာရကာ တစ်ဦးသေဆုံးခဲ့သည်ကို စိတ်မကောင်းဖွယ်ကြားသိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားခွဲရုံအတွင်းရှိ ရဲနွယ်၊ ရွှေကျင်၊ ကွန်းကျောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် ဓာတ်အား (၅၅) မဂ္ဂါဝပ်ကို ဓာတ်အားလိုင်းများနှင့် ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိသည့် ထရန်စဖော်မာများနှင့် ဓာတ်အားခွဲရုံပစ္စည်းများ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့မှုကြောင့် နိုင်ငံတော်ဓာတ်အားစနစ်တစ်ခုလုံး ထိုနေ့ညတွင် ပြတ်တောက်ခဲ့ပြီး ရန်ကုန်မြို့အပါအဝင် မြို့နယ်အများအပြား၌ တစ်ညနှင့် တစ်မနက် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သဖြင့် ပြည်သူများ အခက်အခဲဆင်းရဲအမျိုးမျိုးကြုံတွေ့ခဲ့ရသည်။ သက်ဆိုင်ရာက အချိန်မီပြန်လည်ပြုပြင်ပြီး နောက်တစ်နေ့တွင် လျှပ်စစ်ဓာတ်အားများကို ပြန်လည်ပေးဝေခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု နေ့စဉ်လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို အခက်အခဲအမျိုးမျိုးကြားမှ နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လွှတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စီမံဆောင်ရွက်ပေးနေသော်လည်း ယခုကာလများတွင် အကြမ်းဖက်အဖျက်သမားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေအပေါ်မူတည်၍ ပြည်သူများ မျှတစွာခွဲဝေခံစားနိုင်အောင် စီမံဖြန့်ဖြူးပေးလျက်ရှိသည်။ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ပြည်သူများအတွက် ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်းသည် ဒီမိုကရေစီအမည်ခံပြီး ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးခြင်းပင်ဖြစ်သည်။

NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြည်သူများအကျိုးစီးပွားကို ဖျက်ဆီးနေသည့် အကျိုးရလဒ်များကို ပြည်သူများ ကြုံတွေ့ခံစားနေကြရသည်။ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးတို့ကို ဖျက်ဆီးနေခြင်းသည် အစိုးရတစ်ရပ်ကို ထိခိုက်ပျက်စီးစေမည်မဟုတ်ဘဲ ပြည်သူများသာ ထိခိုက်ပျက်စီးစေသည်ကို သတိချပ်သင့်သည်။ ဒီမိုကရေစီတော်လှန်ရေးမဟုတ်ဘဲ အကြမ်းဖက်အဖျက်လုပ်ရပ်သက်သက်သာဖြစ်သည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခြင်းသည် ပြည်သူတို့၏ ဘုံရန်သူပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားပေးရေးကဏ္ဍကို ဖျက်ဆီးခြင်းသည် အထူးသဖြင့် မြို့နေပြည်သူများအတွက် အခက်အခဲများစွာဖြစ်ပေါ်နေကြောင်း သဘောပေါက်ရန်လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတို့၏အကျိုးစီးပွားကို ဖျက်ဆီးနေသော ဒီမိုကရေစီအမည်ခံ အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ပြည်သူများ မျက်ဝါးထင်ထင်လက်တွေ့ကြုံတွေ့ခံစားနေရပြီဖြစ်၍ အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချတိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မော်လမြိုင်ကျွန်းမြို့နယ်၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**မော်လမြိုင်ကျွန်း ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၂ ခုနှစ် ဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသည့် သာသနဝ္ဘအာဇာနည် အရှင်သူမြတ်များအား ဂုဏ်ပြုဆုချီးမြှင့်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် မြို့နယ်သံဃနာယက အဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကြပြီး ပုညဝဍ္ဎနပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဇောတိက က သရဏဂုံ သီလခံယူစေသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ဓမ္မာစရိယ၊ နိကာယ်၊ ပါဠိပထမပြန် ဖြေဆိုအောင်မြင်တော်မူသည့် သာသနဝ္ဘအာဇာနည် အရှင်သူမြတ်များဖြစ်သည့် ဓမ္မာစရိယ တစ်ပါး၊ နိကာယ်ကိုးပါး၊ ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်းခြောက်ပါး၊ ပထမငယ်တန်းတစ်ပါး၊ အခြေပြုမူလတန်းတွင် ၃၃ ပါး စုစုပေါင်း ၅၁ ပါး တို့အား အောင်လက်မှတ်နှင့် အောင်ဆုအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ကြီးမြို့နယ် ဇလဲရှေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (တတိယအကြိမ်)ထုတ်ချေး

**တောင်ကြီး ဧပြီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် လွယ်တော်ကျေးရွာအုပ်စု ဇလဲရှေ့ကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ဦးစီးအရာရှိ ဒေါ်မြင့်သိင်္ဂီနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၆ သိန်းကို အသင်းသူအသင်းသားဦးရေ ၇၀ အား တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၂၆၇ | ၂,၁၃၆,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၀၀ | ၄,၃၂၆ | ၁၃,၀၃၀,၀၀၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၆ | ၄၄,၉၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၂,၁၃၁ | ၃,၀၉၆,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၆ | ၁၅,၉၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၉.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၆၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၇.၃၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၂၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၇.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၀.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဗထူးမြို့သည် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းကျောင်းကြီးများနှင့် လက်ရုံးဝန်ထမ်းတပ်များ အခြေပြုရာ သမိုင်းအစဉ်အလာအရ ထူးခြားသည့် တပ်မြို့ဖြစ်ကြောင်း၊ တပ်မြို့တွင်နေထိုင်သော အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ အနေဖြင့် မိမိတို့တပ်၊ ကျောင်းများကိုသာမက မြို့နေလူထု၏ လုံခြုံရေးနှင့် အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး အတွက်လည်း ဆောင်ရွက်ပေးရန် လိုကြောင်း။

### လက်တွဲကာ ကာကွယ်

နိုင်ငံတော် ကာကွယ်ရေးနှင့်ပတ်သက်၍ ယနေ့ခေတ်စစ်ပွဲပုံသဏ္ဍာန်သည် ဘက်စုံစစ်ပွဲအသွင် Multi Dimensional Warfare အဖြစ် အင်အားကြီးနိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံငယ်နှင့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့အပေါ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအပေါ်တွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးနှင့် ဝါဒဖြန့်ချိရေး စသည့်နယ်ပယ်ပေါင်းစုံဖြင့် ထိုးနှက်လုပ်ဆောင်နေမှုများရှိနေကြောင်း၊ အကြမ်းဖက်မှုကို လိုလားသူများအနေဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ အဘက်ဘက်မှ ပြိုလဲဖျက်ဆီးရန်ကြိုးပမ်းလာခဲ့မှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၊ ဘာသာသာသနာဆိုင်ရာ ထိုးနှက်လာခဲ့မှုများကို မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲကာ ကာကွယ်နိုင်ရန် လိုကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း တရုတ်ဖြူကျူးကျော်မှု၊ မူဂျာဟစ်သောင်းကျန်းမှု၊ ကွန်လုံရက် ၄၀ တိုက်ပွဲ၊ မုံကိုး၊ လောက်ကိုင် လွတ်မြောက်နယ်မြေဖြစ်ရေး အကြမ်းဖက်တိုက်ခိုက်မှုများကို တပ်မတော်က အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပင် ဦးဆောင်မှုဖြင့် ကာကွယ်ခဲ့ကြောင်း၊ အလားတူ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဒီမိုကရေစီပျက်ပြားစေရန် အဓမ္မ နိုင်ငံတော်အာဏာရယူရန် ကြိုးပမ်းလာမှုကိုလည်း တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းပေးခဲ့ရကြောင်း၊ ထိုသို့ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးမှာ သိသင့်သိထိုက်၊ တတ်သိတတ်အပ်သော စစ်မှုအတတ်ပညာများ၊ စစ်လက်နက် ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်တတ်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း တပ်မတော်သားများအနေဖြင့် အမြဲတမ်းလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ စစ်ဘက်ဆိုင်ရာ အသိပညာနှင့် အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရာတွင် နည်းပြများအနေဖြင့် စေတနာထား၍ တတ်မြောက်သည်အထိ လေ့ကျင့်ပေးသွားရန် လိုကြောင်း၊ မိမိသိသကဲ့သို့၊ မိမိတတ်သကဲ့သို့၊ မိမိကျွမ်းကျင်သကဲ့သို့ သင်တန်းသားများအား တတ်သိကျွမ်းကျင်အောင် အိတ်သွန်ဖာမှောက် သင်ကြားပေးရန် လိုကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသား တပည့်များကို ဆရာဂုဏ်ပြည့်ဝစွာဖြင့် "ရှေးရှုမေတ္တာ၊ ဂရုဏာနှင့် နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလေ့" ဆိုသကဲ့သို့သင်ကြားစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

ဆက်လက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင်လည်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့အသီးသီးက ကျရာအခန်းကဏ္ဍမှ ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ တာဝန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်ကြားပေးရာ၊ မွမ်းမံလေ့ကျင့်ပေးရာ သင်တန်းကျောင်းကြီးများရှိရာ မြို့ဖြစ်၍ တာဝန်ထမ်းဆောင်မှုအပေါ် ဂုဏ်ယူစွာဖြင့် မိမိအား ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

တာဝန် ထမ်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်သားများသည် နိုင်ငံတော်ကို ကာကွယ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မိမိတို့၏ စိတ်ဆန္ဒအရ ဝင်ရောက်တာဝန်ထမ်းဆောင်နေသူများသာဖြစ်ပြီး တိုင်းရင်းသားအားလုံးနှင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ မဖြစ်မနေ အဓမ္မစုဆောင်းခြင်းကို ခွင့်မပြုသကဲ့သို့ ကျန်းမာရေး၊ ပညာရေးအရ လိုအပ်သည်များကိုလည်း ကန့်သတ်၍ စိစစ်ရွေးချယ်ခန့်ထားခြင်း ခံရသူများဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးချယ်ပြီးချိန်တွင်လည်း လုံလောက်သောအချိန်ရယူ၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ခေတ်မီလက်နက်ကိရိယာများ ပြည့်စုံအောင် တပ်ဆင်ပေးလျက်ရှိကြောင်း၊ တပ်ဆင်ပေးထားသော ခေတ်မီလက်နက်ကိရိယာများကို အပြည့်အဝအသုံးချ၍ တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအား ရရှိအောင် ဖန်တီးနိုင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် တစ်ဦးချင်း၏ စွမ်းရည်၊ တစ်ဦးချင်း၏ စွမ်းအားကို စနစ်တကျဖော်ထုတ်နိုင်ပြီး ကြီးမားသောစုစည်းစွမ်းအားကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အခြေခံကျသော လေ့ကျင့်မှုများကို ရရှိသောအချိန်တိုင်း အလေးထားလေ့ကျင့်နေကြရန် လိုကြောင်း။

### ကျေပွန်အောင်ထမ်းဆောင်

စစ်စည်းကမ်းနှင့်ပတ်သက်၍ တပ်မတော်သားများ၏ အသက်ခန္ဓာသည် စစ်စည်းကမ်းနှင့် အမိန့်နာခံမှုပင် ဖြစ်ကြောင်း၊ စစ်စည်းကမ်းကို တိကျစွာလိုက်နာ၍ ပေးအပ်သောအမိန့်ကို နာခံခြင်းဖြင့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်ရန်ဟူသော အဓိကတာဝန်ကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အဓိကကျောရိုး မဏ္ဍိုင်တစ်ခုဖြစ်ပြီး နေထိုင်သွားလာ စားသောက်မှုမှအစ အသေးစိတ် လုပ်ကိုင်ဆောင်ရွက်မှုအားလုံးကို အခြေခံလေ့ကျင့်ရေး ဝင်သည့်ကာလကပင် စနစ်တစ်ခုအဖြစ် သင်ကြားလေ့ကျင့်ပေးပြီးဖြစ်ကြောင်း၊ ၎င်းအလေ့အကျင့်ကို ဘဝတစ်လျှောက်လုံး အလေ့အထဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်အောင်မြင်ရန်မှာ ခေါင်းဆောင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်ပြန်တမ်းအဖြစ် ခေါင်းဆောင်ခန့်အပ်မှုနှင့် လက်အောက်အရာရှိ၊ စစ်သည်များက ခန့်အပ်သည့် ခေါင်းဆောင်မှုသည် မတူညီကြောင်း၊ မိမိ၏ စည်းကမ်းလိုက်နာမှု၊ ကျွမ်းကျင်မှု၊ နေထိုင်ပြောဆိုမှုကို လိုက်၍ လက်အောက်၏ ယုံကြည်ကိုးစားမှု လေးစားမှုကို ရရှိ၍ ခေါင်းဆောင်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်က ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆)ချက်ကို သိရှိလိုက်နာနေရန် လိုကြောင်း၊ ထို့အပြင် လုပ်ငန်းတာဝန်အရ တပ်မှူးကောင်းစိတ်ဓာတ်ထားရှိရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း မိဘသဖွယ်စိတ်ဓာတ်ဖြင့် မိသားစုကဲ့သို့ နွေးထွေးစွာ ဆက်ဆံကြရန်လိုကြောင်း၊ မိမိကွပ်ကဲနေသော တပ်အရွယ်အစားအလိုက် လက်အောက် ငယ်သားများနှင့်ပတ်သက်၍ ကောင်းမွန်သော အုပ်ချုပ်သူ၊ ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲသူ၊ ကောင်းမွန်သော တရားစီရင်နိုင်သူနှင့် ကောင်းမွန်သော လေ့ကျင့်ရေးမှူးကောင်းများနှင့် တပ်မှူးကောင်းများအဖြစ် တည်ဆောက်နေထိုင်ရန် လိုကြောင်း၊ သို့မှသာ လက်အောက်က ယုံကြည်အားထားရသည့် အောင်မြင်သော စစ်ဘက်ခေါင်းဆောင်များ ဖြစ်လာမည်ဖြစ်ကြောင်း။

ဒါ့အပြင် ကျန်းမာကြံ့ခိုင်မှုနှင့်ပတ်သက်၍ ပေးအပ်သော

**စာမျက်နှာ ၄ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်မှ အရာရှိစစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်မှ သင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။

- **နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးမှာ သိသင့်သိထိုက်၊ တတ်သိတတ်အပ်သော စစ်မှုအတတ်ပညာများ၊ စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်ဆောင်ရွက်တတ်ရန်လို**
- **စည်းကမ်းသည် တပ်မတော်၏ အဓိကကျောရိုး မဏ္ဍိုင်တစ်ခုဖြစ်ပြီး နေထိုင်သွားလာ စားသောက်မှုမှအစ အသေးစိတ် လုပ်ကိုင်ဆောင်ရွက်မှုအားလုံးကို အခြေခံလေ့ကျင့်ရေးဝင်သည့်ကာလကပင် စနစ်တစ်ခုအဖြစ် သင်ကြားလေ့ကျင့်ပေးပြီးဖြစ်**

☆ စာမျက်နှာ ၃ မှ

လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်များ အောင်မြင်နိုင်ရန် ကိုယ်ခန္ဓာ ကြံ့ခိုင်ကျန်းမာနေရန်နှင့် စိတ်ဓာတ် ကြံ့ခိုင်ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲအုပ်ချုပ်သူ အားလုံးသည် ကိုယ်ရောစိတ်ပါ အမြဲကြံ့ခိုင်ကျန်းမာသန်စွမ်းနေအောင် စီမံဆောင်ရွက်နေရန်လိုကြောင်း။

**ကျန်းမာကြံ့ခိုင်နေရမည်**

အထူးသဖြင့် တပ်မတော်သားများ၏ လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နေရသူများဖြစ်၍ အမြဲ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်နေရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့်တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာကို အသုံးချ၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်း လိုက်နာရမည့် လုပ်ငန်းလမ်းညွှန် ဖြစ်သောများ၊ အထွေထွေဗဟုသုတဆိုင်ရာများ ပုံမှန်ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း။

တပ်မတော်တည်ဆောက်မှုနှင့် ပတ်သက်၍ တပ်မတော်ကို နိုင်ငံတကာနှင့်ယှဉ်၍ စနစ်တကျဖွဲ့စည်းထားခြင်းဖြစ်ရာ နိုင်ငံတကာဥပဒေများဖြစ်သည့် Geneva Convention၊ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများချေမှုန်းရာတွင် လိုက်နာရမည့် ROE စသည်တို့ကိုလည်း သိရှိလိုက်နာရန်လိုကြောင်း၊ အလားတူ လုပ်ငန်းလမ်းညွှန်ဖြစ်သော တပ်မတော်သားများ စောင့်ထိန်းလိုက်နာလျက်ရှိသည့် ကျင့်ဝတ်အပါး ၆၀ တွင် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်၊ ရန်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များသည်လည်း နိုင်ငံတကာက လက်ခံထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျင့်ဝတ်များနှင့် ကိုက်ညီမှုရှိသည်ကို သိရှိရန်လိုကြောင်း။

**ဖတ်မှတ်လေ့လာ**

ပေးအပ်သော တာဝန်များ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေးအတွက် မပျက်လေ့ကျင့်နေရန် လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ အတွေးမှန်၊ အသိမှန်များရရှိကာ ယုံကြည်ချက်၊ ခံယူချက်၊ ရည်မှန်းချက်များမြင့်မားကာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ဗထူးတပ်မြို့သည် လေ့ကျင့်ရေးကျောင်းကြီးများ ရှိသကဲ့သို့ ခြေလျင်/ခြေမြန် တပ်ရင်းများ၊ လက်ရုံးတပ်ဖွဲ့များလည်း ရှိကြရာ တပ်ရင်း/တပ်ဖွဲ့နှင့် မိသားစုများအတွက် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး (၄)ရပ်ကိုလည်း နေ့စဉ်သမားစဉ်လုပ်ငန်းများနှင့် အတူ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးကို တစ်ဖက်မှာလည်း ကိုယ်တိုင်၊ သင်တန်းသားများပါ လေ့ကျင့်ပေးသကဲ့သို့ တပ်နယ်အတွင်းရှိ သန္ဓေအရာရှိ စစ်သည်များနှင့် မိသားစုများကို တိုက်ပွဲဝင်စိတ်ဓာတ်များ၊ စစ်မှုအတတ်ပညာများ သိရှိလိုက်နာနိုင်ရေးကိုလည်း လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျ

ကျင့်ဝတ်အပါး ၂၀ တွင် ပါရှိသည့် ငွေကြေးဆိုင်ရာ ကျင့်ဝတ်၊ အမျိုးသမီးဆိုင်ရာ ကျင့်ဝတ်၊ မူးယစ်ဆေးဝါးဆိုင်ရာ ကျင့်ဝတ်စသည်တို့ကို ကြံ့ခိုင်သည့် စိတ်ဓာတ်ဖြင့် ထိန်းသိမ်းခြင်းဖြင့် တပ်မတော်သားဟူသော ဂုဏ်ပုဒ်ကို မြင့်တင်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ရန် စာဖတ်ခြင်းသည် ကြီးမားသော အထောက်အကူပြုမှု ဖြစ်၍ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အဆင့်အတန်းအားလုံး ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ တပ်မတော်အကြီးအကဲအနေဖြင့် တပ်မတော်ပိုင် နေ့စဉ်သတင်းစာနှင့် စာအုပ်စာစောင်များ၊ မဂ္ဂဇင်းနှင့်ဆောင်းပါး လမ်းညွှန်ချက်များနှင့် ဆောင်ပုဒ်များကို လိုက်နာလုပ်ဆောင်ရန်လိုကြောင်း၊ အလားတူ စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်မှာလည်း အရေးကြီးကြောင်း၊ နိုင်ငံကို ဖျက်ဆီးလိုသူများသည် ဘက်ပေါင်းစုံမှ သွေးခွဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ၎င်းတို့အပေါ် တုံ့ပြန်နိုင်ရန် စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန် လိုကြောင်း၊ အမှားအမှန် ပိုင်းခြားဝေဖန်တတ်မှု၊ မိမိ၏ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝမှုဖြစ်စေရန်မှာ စာအုပ်၊ စာပေ လူ့မိတ်ဆွေဆိုသကဲ့သို့ အလိမ္မာစာမှာရှိဆိုသည့်အတိုင်း စာကောင်းပေမွန်များကိုလည်း အခွင့်အရေးရရှိသည့် အချိန်တိုင်း၌ ဖတ်မှတ်လေ့လာနေရန် လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် ကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ပင်နရံ ကောင်းမွန်စွာ လည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက် လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန် လိုကြောင်း၊ ပုံမှန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာ ချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်အကြီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က ဗထူးတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

အကဲ၏ လမ်းညွှန်ချက်အပေါ် တပ်ရင်း/တပ်ဖွဲ့ အသီးသီးက အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအနှံ့အပြား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်ပြားချိန်တွင် တပ်ရင်း/တပ်ဖွဲ့များမှ ထွက်ရှိသော စိုက်ပျိုး/မွေးမြူရေး ထွက်ကုန်များသည် တပ်တွင်းရှိ အရာရှိ၊ စစ်သည်များအပြင် တပ်ရင်း/တပ်ဖွဲ့အလိုက် စည်းရုံးရေးနယ်မြေဒေသ အသီးသီးရှိ ပြည်သူအများစုအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်မှ ချမှတ်ထားသော သက်သာချောင်ချိရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော်နေရမည်ဖြစ်ကြောင်း။

**စည်းလုံးညီညွတ်မှုရှိရန်လို**

စိတ်ဓာတ်ပိုင်းဆိုင်ရာအနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံး တစ်ဦးချင်း၏ တပ်ဖွဲ့အပေါ် ချစ်ခင်သည့် သံယောဇဉ်စိတ်ဓာတ်ရှိရန် လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်ရန် ရေပက်မဝင်သော စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ပြီး စည်းလုံးညီညွတ်မှုမှ ပေါင်းစည်းအင်အားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့စိတ်ဓာတ်မှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်များ ပေါ်ထွက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့အထိ တပ်မတော်အနေဖြင့် ခိုင်မာသောအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်မှုမှာ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်တစ်ဦးချင်းတို့၏ ကျန်းမာကြံ့ခိုင်သောခွဲ၊ စိတ်ဓာတ်များကြောင့်ပင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးအပါအဝင် လုပ်ငန်းတာဝန်များ အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်မှာ စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်ပြီး စိတ်ဓာတ်ကောင်းမွန်ရန်မှာလည်း သက်သာချောင်ချိရေးနှင့် အုပ်ချုပ်ရေးတို့ မျှတကောင်းမွန်နေရန် လိုကြောင်း၊ ဒေသရှိ တိုင်းရင်းသား ပြည်သူလူထုက ယုံကြည်ကိုးစားရသော တပ်နယ်၊ နိုင်ငံတော်၊ တပ်မတော်က အားထားရသည့် တပ်နယ်တစ်ခုဖြစ်အောင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

လက်ရှိ တည်ဆောက်ထားသည့် ရေပက်မဝင်သော စည်းလုံးမှုကို ဆက်လက်ခိုင်မြဲအောင် ထိန်းသိမ်းသွားရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ညီညွတ်မျှတသော အုပ်ချုပ်မှုဖြင့် မိမိလက်အောက်ငယ်သားများကို ကျောသားရင်သား မခွဲခြားဘဲ စီမံအုပ်ချုပ်ရန် လိုကြောင်း၊ ရပိုင်ခွင့်နှင့် သက်သာချောင်ချိမှုများ မှန်မှန်ကန်ကန်မျှတစွာ ရရှိအောင် တာဝန်ရှိသူများက စိတ်ဝင်တစား လုပ်ဆောင်နေရန် လိုကြောင်း၊ မိမိကွပ်ကဲရသော တပ်အဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာအောင် တည်ဆောက်၍ ထိတွေ့ဆက်ဆံရသော မိဘပြည်သူများအပေါ် ဆွေမျိုးမိဘသဖွယ် ဆက်ဆံခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာဖြစ်သည့် ပြည်သူ့စစ်မဟာဗျူဟာကို အောင်မြင်စွာဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိဘပြည်သူများကို နှိပ်စက်သတ်ဖြတ်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ ဘေးရန်ကို ကာကွယ်ပေးနိုင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် သင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်းတင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သင်တန်းသားများ၊ ဗိုလ်လောင်းများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူသည်။

**အားကစားပစ္စည်းများ ပေးအပ်**

အလားတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင် ကျောင်းရှိ သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဗထူးတပ်နယ်မှ သင်တန်းသားများအတွက် အားကစားပစ္စည်းများ ပေးအပ်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်




နေပြည်တော်  မေ  ၆

ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ဦးဆောင်သည့် ဗဟိုအဖွဲ့ဝင်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် ဓာတုပစ္စည်း ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေ မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဗဟိုအဖွဲ့အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး စုစုပေါင်းအဖွဲ့ဝင် ၁၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကိုလည်း လုပ်ငန်းလိုအပ်ချက်များနှင့်အညီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့တွင် ပါဝင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့အား အဖွဲ့ဝင် ၁၃ ဦးနှင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီး/ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပြီး ထိန်းချုပ်ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်းများကို ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ဓာတုပစ္စည်းထိန်းချုပ်ရေးကဏ္ဍသည်လည်းအရေးကြီးကြောင်း၊ **"ပရီကာဆာမရှိလျှင် မူးယစ်ဆေးဝါးမရှိ၊ သုံးစွဲသူမရှိလျှင် မူးယစ်ဆေးဝါး ပြဿနာမရှိ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်တားဆီးနှိမ်နင်းရာတွင် ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာအဖွဲ့အစည်းများမှလည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများ နယ်စပ်ဒေသများနှင့် ပြည်တွင်းတို့မှ တစ်ဆင့် ရှမ်းပြည်နယ်သို့ နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်လျက်ရှိသည့်အတွက် ဖော်ထုတ်အရေးယူနိုင်ရန် Operation 39 အထူးစစ်ဆင်ရေးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

Operation 39 အထူးစစ်ဆင်ရေးကာလအတွင်း ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေလိုအပ်ချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းဖြန့်ချိခြင်းဆိုင်ရာပမာဏသတ်မှတ်ချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် ဆက်စပ်သည့် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လိုအပ်ချက်များရှိနေသည်ကို သုံးသပ်ဖော်ထုတ်ရရှိခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်ပြီး ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဓာတုပစ္စည်းထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် မူးယစ်ဆေးဝါးချက်လုပ်ရာသို့ လမ်းလွဲမရောက်စေရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ထိခိုက်မှုမရှိစေရေးတို့အတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ အကြံဉာဏ်ကောင်းများ တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ UNODC အပါအဝင် နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီများနှင့် သတင်းဖလှယ်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် နှစ်နိုင်ငံအစည်းအဝေးများကျင်းပခြင်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ ဆက်စပ်ဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့မှုအခြေအနေများကို နှိုင်းယှဉ်သုံးသပ်တင်ပြသည်။

**ဆက်လက်ကျင်းပသွားမည်**

ယင်းနောက် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ်အောင်နိုင်သူက ရန်ကုန်၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးများတွင် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug)များ ထုတ်လုပ်မှုတွင် ဓာတုပစ္စည်းများကိုသာ အသုံးပြုပေါင်းစပ်ထုတ်လုပ်နေခြင်းဖြစ်သဖြင့် ဓာတုပစ္စည်းများ လမ်းလွဲမရောက်ရှိစေရေးအတွက် တားဆီးကြပ်မတ်ထိန်းချုပ်နိုင်ရေး နိုင်ငံတကာမူးယစ်တိုက်ဖျက်ရေး Agency များနှင့် သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှု၏ အကြံပြုချက်များ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်း တင်သွင်းသယ်ဆောင်ရောင်းဝယ်မှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အထူးစိစစ်ကြပ်မတ်ရန် လိုအပ်မှုနှင့် သက်ဆိုင်ရာ ဌာနများအနေဖြင့်လည်း ဓာတုပစ္စည်းများ ထိန်းချုပ်မှုအပေါ် ပူးပေါင်းဆောင်ရွက်သင့်သည်ကိုလည်းကောင်း၊ နေပြည်တော် ဓာတုဗေဒစစ်ဆေးရေးဌာနခွဲမှ ဒေါက်တာကြည်မင်းဦးနှင့် ဒေါက်တာအောင်ဖြိုးသိုက်တို့က လတ်တလော ဖမ်းဆီးမှုများပြားသည့် ထိန်းချုပ်ဓာတုပစ္စည်းခုနစ်မျိုးနှင့် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းဝင် မဟုတ်သော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်း ၁၇ မျိုး၏ အချက်အလက်များအားလည်းကောင်း တင်ပြဆွေးနွေးကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက နည်းဥပဒေလိုအပ်ချက်များနှင့် ပြင်ဆင်ရန်အချက်များ၊ အခြားလိုအပ်ချက်များအပေါ် ဆွေးနွေးခြင်းနှင့် ဓာတုပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိအသုံးပြုခြင်းတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကာ ဆွေးနွေးချက်များအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မေ ၇ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပ

နေပြည်တော်  မေ  ၆

ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တက်ရောက်၍ နှစ်သစ်တွင် ပျော်ရွှင်ကျန်းမာကြပါစေကြောင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် နိုင်ငံ့တာဝန်၊ မိသားစုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း၊ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် မြန်မာနိုင်ငံသားအားလုံး ကပ်ရောဂါဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပြီး ချမ်းသာသုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ညွှန်ကြားရေးမှူးချုပ်များက နှစ်သစ်ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများကို စတုဒိသာကျွေးမွေးနေမှုနှင့် သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏**
**ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၉ /၂၀၂၃)
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**
**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**
**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**
**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း တစ်ရာသိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ် အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်း ချေးငွေ၌ အသားတင် ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**
**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်း အသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမို သုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**
**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။(က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၅)နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

စာမျက်နှာ ၇ သို့❖

❖ စာမျက်နှာ ၆ မှ

၁၇။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား(၇)နှင့် (၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)
### ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျှော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား(၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

### အခန်း(၃)
### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၇) နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား(၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့် (၁၀)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) ပုဒ်မခွဲ(က)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၇ မှ

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) နှင့် (၁၄) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် သာလျှင်ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ် ရန်ပုံငွေဟူသောစကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင် ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ(ဃ)အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁)နှင့် (၁၂)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များ၏ ဇယား(၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများပြောင်း လဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင် စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြု ပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာ ရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက် ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင် သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြု ထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံ ငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက် ၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေး အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၃)နှင့် (၁၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်း အရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့ သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြု ပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။(က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် ဇယား(၁၅)နှင့် (၁၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင် သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာ ရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေ စာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲ ခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာ ယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်း ကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ် သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် လုပ်ငန်းများ ကိုဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်း ခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၇) နှင့် (၁၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား(၁၇) နှင့် (၁၈)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ် သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်း နှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင် အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ် များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသား တင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး နှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၃ - ၂၀၂၄ဘဏ္ဍာရေးနှစ်၊အမျိုးသားစီမံကိန်းဥပဒေ**
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ်၂၀/၂၀၂၃)
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

**နိဒါန်း**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ဦးတည်ချက် ၁၂ ရပ်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုစီမံကိန်း၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။
(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ နေ့အထိ ကာလဖြစ်သည်။
(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ၆ လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။
(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်ဈေးနှုန်းအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) လယ်ယာကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၁၅.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်း လျော့နည်းရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
(၁) ကချင်ပြည်နယ်တွင် ၃.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၃.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၁.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၅.၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၄.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၆.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၃ ရာခိုင်နှုန်းမှ ၂၁.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၁ ရာခိုင်နှုန်းမှ ၃၈.၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၆ ရာခိုင်နှုန်းမှ ၃၉.၇ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊
(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၈,၃၃၇.၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊
(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၅၀၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၀၀၀ သန်း တင်သွင်းရန်၊
(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၄၅၇,၁၁၈ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင်ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန် ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသော စီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၁၂ ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကိုဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့်စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီးဖြစ်ရမည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်းဖြစ်ရမည်။ နိုင်ငံတော်၏အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

**စာမျက်နှာ ၁၀ သို့ »»»**

»»» စာမျက်နှာ ၉ မှ

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၁,၅၃၃,၃၆၀.၇** | **၂၃.၇** | **၃.၂** | **၂၂,၀၄၀,၃၃၄.၁** | **၂၃.၃** | **၂.၄** |
| | ၁ | လယ်ယာ | ၁၃,၇၁၆,၁၁၁.၉ | ၁၅.၁ | ၃.၃ | ၁၄,၀၅၇,၁၁၇.၀ | ၁၄.၈ | ၂.၅ |
| | ၂ | သားငါး | ၇,၇၇၇,၁၅၅.၂ | ၈.၅ | ၃.၂ | ၇,၉၃၆,၇၆၆.၁ | ၈.၄ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၀၉၃.၆ | ၀.၁ | -၂.၃ | ၄၆,၄၅၁.၀ | ၀.၁ | ၁၅.၉ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၃၀,၇၄၆,၁၈၇.၉** | **၃၃.၈** | **၁.၅** | **၃၁,၈၀၂,၅၃၂.၄** | **၃၃.၆** | **၃.၄** |
| | ၁ | စွမ်းအင် | ၂,၆၄၇,၆၇၄.၆ | ၂.၉ | -၅.၉ | ၂,၃၀၇,၇၅၀.၀ | ၂.၄ | -၁၂.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၁၈,၂၁၆.၃ | ၀.၆ | -၁၀.၆ | ၆၀၆,၅၂၈.၉ | ၀.၆ | ၁၇.၀ |
| | ၃ | စက်မှုလက်မှု | ၂၀,၉၉၂,၁၄၄.၉ | ၂၃.၁ | ၂.၄ | ၂၂,၀၀၁,၅၄၈.၂ | ၂၃.၃ | ၄.၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၃၄၉,၄၁၂.၇ | ၁.၅ | ၃.၆ | ၁,၄၆၈,၂၃၂.၉ | ၁.၆ | ၈.၈ |
| | ၅ | ဆောက်လုပ်မှု | ၅,၂၃၈,၇၃၉.၄ | ၅.၇ | ၂.၉ | ၅,၄၁၈,၄၇၂.၄ | ၅.၇ | ၃.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၈,၅၆၄,၁၈၇.၃** | **၄၂.၅** | **၅.၀** | **၄၀,၆၈၇,၆၈၀.၀** | **၄၃.၁** | **၅.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၄၆၇,၂၆၀.၂ | ၁၁.၅ | ၇.၁ | ၁၁,၂၂၆,၆၉၄.၅ | ၁၁.၉ | ၇.၃ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၃၂,၉၇၀.၁ | ၃.၁ | ၇.၁ | ၃,၀၂၁,၁၈၃.၉ | ၃.၂ | ၆.၆ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၈၈၅.၆ | ၀.၅ | ၃.၉ | ၄၇၂,၃၇၇.၃ | ၀.၅ | ၂.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၄၁၅,၃၈၂.၀ | ၃.၈ | ၃.၃ | ၃,၅၃၂,၉၃၃.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၆၁,၇၉၅.၂ | ၃.၂ | ၆.၈ | ၃,၀၅၃,၅၉၀.၃ | ၃.၂ | ၆.၇ |
| | ၆ | ကုန်သွယ်မှု | ၁၈,၅၂၇,၈၉၄.၂ | ၂၀.၄ | ၃.၇ | ၁၉,၃၈၁,၀၄၀.၄ | ၂၀.၅ | ၄.၆ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၀,၈၄၃,၇၃၅.၉** | **၁၀၀.၀** | **၃.၄** | **၉၄,၅၃၀,၅၄၆.၅** | **၁၀၀.၀** | **၄.၁** |

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၂,၂၇၉,၅၄၈.၆** | **၅၇.၅** | **၂.၂** | **၅၃,၈၄၂,၈၆၆.၅** | **၅၆.၉** | **၃.၀** |
| | ၁ | လယ်ယာ | ၁၃,၇၁၆,၁၁၁.၉ | ၁၅.၁ | ၃.၃ | ၁၄,၀၅၇,၁၁၇.၀ | ၁၄.၈ | ၂.၅ |
| | ၂ | သားငါး | ၇,၇၇၇,၁၅၅.၂ | ၈.၅ | ၃.၂ | ၇,၉၃၆,၇၆၆.၁ | ၈.၄ | ၂.၁ |
| | ၃ | သစ်တော | ၄၀,၀၉၃.၆ | ၀.၁ | -၂.၃ | ၄၆,၄၅၁.၀ | ၀.၁ | ၁၅.၉ |
| | ၄ | စွမ်းအင် | ၂,၆၄၇,၆၇၄.၆ | ၂.၉ | -၅.၉ | ၂,၃၀၇,၇၅၀.၀ | ၂.၄ | -၁၂.၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၁၈,၂၁၆.၃ | ၀.၆ | -၁၀.၆ | ၆၀၆,၅၂၈.၉ | ၀.၆ | ၁၇.၀ |
| | ၆ | စက်မှုလက်မှု | ၂၀,၉၉၂,၁၄၄.၉ | ၂၃.၁ | ၂.၄ | ၂၂,၀၀၁,၅၄၈.၂ | ၂၃.၃ | ၄.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၃၄၉,၄၁၂.၇ | ၁.၅ | ၃.၆ | ၁,၄၆၈,၂၃၂.၉ | ၁.၆ | ၈.၈ |
| | ၈ | ဆောက်လုပ်မှု | ၅,၂၃၈,၇၃၉.၄ | ၅.၇ | ၂.၉ | ၅,၄၁၈,၄၇၂.၄ | ၅.၇ | ၃.၄ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၀,၀၃၆,၂၉၃.၁** | **၂၂.၁** | **၆.၃** | **၂၁,၃၀၆,၆၃၉.၆** | **၂၂.၆** | **၆.၃** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၄၆၇,၂၆၀.၂ | ၁၁.၅ | ၇.၁ | ၁၁,၂၂၆,၆၉၄.၅ | ၁၁.၉ | ၇.၃ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၃၂,၉၇၀.၁ | ၃.၁ | ၇.၁ | ၃,၀၂၁,၁၈၃.၉ | ၃.၂ | ၆.၆ |
| | ၃ | ငွေရေးကြေးရေး | ၄၅၈,၈၈၅.၆ | ၀.၅ | ၃.၉ | ၄၇၂,၃၇၇.၃ | ၀.၅ | ၂.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၄၁၅,၃၈၂.၀ | ၃.၈ | ၃.၃ | ၃,၅၃၂,၉၃၃.၆ | ၃.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၈၆၁,၇၉၅.၂ | ၃.၂ | ၆.၈ | ၃,၀၅၃,၅၉၀.၃ | ၃.၂ | ၆.၇ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၈,၅၂၇,၈၉၄.၂** | **၂၀.၄** | **၃.၇** | **၁၉,၃၈၁,၀၄၀.၄** | **၂၀.၅** | **၄.၆** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၉၀,၈၄၃,၇၃၅.၉** | **၁၀၀.၀** | **၃.၄** | **၉၄,၅၃၀,၅၄၆.၅** | **၁၀၀.၀** | **၄.၁** |

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၆၂,၅၃၂.၉ | ၂.၀ | ၆.၁ | ၁,၈၂၅,၉၁၄.၃ | ၁.၉ | ၃.၆ |
| ၂ | ကယားပြည်နယ် | ၂၅၉,၀၁၉.၁ | ၀.၃ | -၅.၆ | ၂၇၀,၆၀၉.၃ | ၀.၃ | ၄.၅ |
| ၃ | ကရင်ပြည်နယ် | ၁,၇၃၇,၁၂၁.၇ | ၁.၉ | ၂.၆ | ၁,၈၀၀,၁၀၇.၅ | ၁.၉ | ၃.၆ |
| ၄ | ချင်းပြည်နယ် | ၂၁၁,၆၂၇.၂ | ၀.၂ | -၁၁.၄ | ၂၂၀,၅၄၆.၁ | ၀.၂ | ၄.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၉၅၆,၂၄၅.၉ | ၁၁.၀ | -၀.၂ | ၁၀,၃၅၇,၉၈၉.၀ | ၁၁.၀ | ၄.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၉၄,၄၃၃.၁ | ၄.၂ | ၃.၁ | ၃,၈၇၄,၅၅၃.၂ | ၄.၁ | ၂.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၉၈၁,၆၅၄.၆ | ၈.၈ | ၅.၂ | ၈,၄၂၂,၈၈၀.၆ | ၈.၉ | ၅.၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၈၃၈,၇၉၄.၂ | ၇.၅ | ၂.၁ | ၇,၀၂၂,၉၉၃.၅ | ၇.၄ | ၂.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၀၂၃,၉၄၄.၇ | ၉.၉ | ၃.၇ | ၉,၄၀၀,၈၇၈.၀ | ၁၀.၀ | ၄.၂ |
| ၁၀ | မွန်ပြည်နယ် | ၃,၉၁၉,၉၅၀.၁ | ၄.၃ | ၄.၆ | ၄,၀၈၂,၄၃၂.၃ | ၄.၃ | ၄.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၆၅၈,၇၇၄.၈ | ၄.၀ | ၂.၅ | ၃,၆၉၅,၅၇၅.၄ | ၃.၉ | ၁.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂,၇၁၅,၉၇၈.၁ | ၂၅.၀ | ၅.၁ | ၂၄,၀၄၈,၅၅၆.၁ | ၂၅.၄ | ၅.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၆၅၅,၈၄၉.၂ | ၆.၂ | ၄.၄ | ၅,၉၀၆,၆၀၀.၉ | ၆.၃ | ၄.၄ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၁၉၇,၈၄၃.၅ | ၁၂.၃ | ၂.၂ | ၁၁,၃၃၀,၇၃၉.၁ | ၁၂.၀ | ၁.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၁၂၉,၉၆၆.၈ | ၂.၄ | ၄.၇ | ၂,၂၇၀,၁၇၁.၂ | ၂.၄ | ၆.၆ |

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၇,၉၄၀,၄၂၄.၃** | **၂၂.၃** | **၃၀,၁၁၄,၄၂၅.၂** | **၂၁.၈** | **၇.၈** |
| | ၁ | လယ်ယာ | ၁၇,၃၁၆,၀၆၂.၁ | ၁၃.၈ | ၁၈,၆၉၆,၈၉၂.၅ | ၁၃.၅ | ၈.၀ |
| | ၂ | သားငါး | ၁၀,၅၆၈,၇၄၅.၀ | ၈.၄ | ၁၁,၃၅၂,၁၆၉.၂ | ၈.၂ | ၇.၄ |
| | ၃ | သစ်တော | ၅၅,၆၁၇.၂ | ၀.၁ | ၆၅,၃၆၃.၅ | ၀.၁ | ၁၇.၅ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၇,၇၁၆,၁၄၈.၄** | **၃၈.၁** | **၅၃,၂၂၀,၇၃၀.၄** | **၃၈.၅** | **၁၁.၅** |
| | ၁ | စွမ်းအင် | ၅,၆၂၀,၄၉၆.၇ | ၄.၅ | ၅,၄၈၈,၄၃၂.၁ | ၄.၀ | -၂.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၃၅,၉၉၇.၀ | ၀.၆ | ၉၅၄,၈၀၄.၅ | ၀.၇ | ၂၉.၇ |
| | ၃ | စက်မှုလက်မှု | ၃၂,၀၂၁,၈၄၉.၈ | ၂၅.၅ | ၃၆,၄၉၇,၉၂၅.၄ | ၂၆.၄ | ၁၄.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၈၀၅,၈၄၀.၂ | ၁.၅ | ၁,၉၆၉,၀၁၀.၄ | ၁.၄ | ၉.၀ |
| | ၅ | ဆောက်လုပ်မှု | ၇,၅၃၁,၉၆၄.၇ | ၆.၀ | ၈,၃၁၀,၅၅၈.၀ | ၆.၀ | ၁၀.၃ |

စာမျက်နှာ ၁၁ သို့ »»»

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁၉/၂၀၂၃ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၀/၂၀၂၃ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်ပါသည်။

»»» စာမျက်နှာ ၁၀ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၉,၆၈၀,၂၆၀.၆** | **၃၉.၆** | **၅၄,၈၆၀,၅၄၇.၄** | **၃၉.၇** | **၁၀.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၅၅၅,၆၄၀.၆ | ၁၀.၀ | ၁၄,၁၇၅,၄၂၂.၆ | ၁၀.၃ | ၁၂.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၆၀,၇၁၆.၇ | ၂.၁ | ၂,၈၄၅,၅၁၄.၆ | ၂.၁ | ၆.၉ |
| | ၃ | ငွေရေးကြေးရေး | ၄၄၆,၄၉၅.၉ | ၀.၃ | ၄၅၉,၄၈၆.၆ | ၀.၃ | ၂.၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၂၆,၈၃၉.၀ | ၃.၀ | ၃,၈၅၅,၂၄၀.၁ | ၂.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၉၇၉,၂၁၇.၃ | ၃.၂ | ၄,၄၇၄,၁၅၉.၃ | ၃.၂ | ၁၂.၄ |
| | ၆ | ကုန်သွယ်မှု | ၂၆,၃၁၁,၃၅၁.၁ | ၂၁.၀ | ၂၉,၀၅၀,၇၂၄.၂ | ၂၁.၀ | ၁၀.၄ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၂၅,၃၃၆,၈၃၃.၃** | **၁၀၀.၀** | **၁၃၈,၁၉၅,၇၀၃.၀** | **၁၀၀.၀** | **၁၀.၃** |

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၇၅,၆၅၆,၅၇၂.၇** | **၆၀.၄** | **၈၃,၃၃၅,၁၅၅.၆** | **၆၀.၃** | **၁၀.၁** |
| | ၁ | လယ်ယာ | ၁၇,၃၁၆,၀၆၂.၁ | ၁၃.၈ | ၁၈,၆၉၆,၈၉၂.၅ | ၁၃.၅ | ၈.၀ |
| | ၂ | သားငါး | ၁၀,၅၆၈,၇၄၅.၀ | ၈.၄ | ၁၁,၃၅၂,၁၆၉.၂ | ၈.၂ | ၇.၄ |
| | ၃ | သစ်တော | ၅၅,၆၁၇.၂ | ၀.၁ | ၆၅,၃၆၃.၅ | ၀.၁ | ၁၇.၅ |
| | ၄ | စွမ်းအင် | ၅,၆၂၀,၄၉၆.၇ | ၄.၅ | ၅,၄၈၈,၄၃၂.၁ | ၄.၀ | -၂.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၃၅,၉၉၇.၀ | ၀.၆ | ၉၅၄,၈၀၄.၅ | ၀.၇ | ၂၉.၇ |
| | ၆ | စက်မှုလက်မှု | ၃၂,၀၂၁,၈၄၉.၈ | ၂၅.၅ | ၃၆,၄၉၇,၉၂၅.၄ | ၂၆.၄ | ၁၄.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၈၀၅,၈၄၀.၂ | ၁.၅ | ၁,၉၆၉,၀၁၀.၄ | ၁.၄ | ၉.၀ |
| | ၈ | ဆောက်လုပ်မှု | ၇,၅၃၁,၉၆၄.၇ | ၆.၀ | ၈,၃၁၀,၅၅၈.၀ | ၆.၀ | ၁၀.၃ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၃,၃၆၈,၉၀၉.၅** | **၁၈.၆** | **၂၅,၈၀၉,၈၂၃.၂** | **၁၈.၇** | **၁၀.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၅၅၅,၆၄၀.၆ | ၁၀.၀ | ၁၄,၁၇၅,၄၂၂.၆ | ၁၀.၃ | ၁၂.၉ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၆၀,၇၁၆.၇ | ၂.၁ | ၂,၈၄၅,၅၁၄.၆ | ၂.၁ | ၆.၉ |
| | ၃ | ငွေရေးကြေးရေး | ၄၄၆,၄၉၅.၉ | ၀.၃ | ၄၅၉,၄၈၆.၆ | ၀.၃ | ၂.၉ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၇၂၆,၈၃၉.၀ | ၃.၀ | ၃,၈၅၅,၂၄၀.၁ | ၂.၈ | ၃.၄ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၉၇၉,၂၁၇.၃ | ၃.၂ | ၄,၄၇၄,၁၅၉.၃ | ၃.၂ | ၁၂.၄ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂၆,၃၁၁,၃၅၁.၁** | **၂၁.၀** | **၂၉,၀၅၀,၇၂၄.၂** | **၂၁.၀** | **၁၀.၄** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၂၅,၃၃၆,၈၃၃.၃** | **၁၀၀.၀** | **၁၃၈,၁၉၅,၇၀၃.၀** | **၁၀၀.၀** | **၁၀.၃** |

၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၃၁၄,၉၀၉.၂ | ၁.၈ | ၂,၅၁၄,၅၈၅.၈ | ၁.၈ | ၈.၆ |
| ၂ | ကယားပြည်နယ် | ၃၃၇,၀၆၃.၃ | ၀.၃ | ၃၆၈,၂၅၄.၉ | ၀.၃ | ၉.၃ |
| ၃ | ကရင်ပြည်နယ် | ၂,၃၆၃,၉၉၈.၂ | ၁.၉ | ၂,၅၈၇,၉၄၁.၃ | ၁.၉ | ၉.၅ |
| ၄ | ချင်းပြည်နယ် | ၂၇၇,၀၇၃.၀ | ၀.၂ | ၃၀၂,၀၉၄.၂ | ၀.၂ | ၉.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃,၉၈၆,၇၉၀.၃ | ၁၁.၁ | ၁၅,၆၁၉,၉၁၈.၁ | ၁၁.၃ | ၁၁.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅,၁၅၈,၂၆၉.၇ | ၄.၁ | ၅,၅၄၇,၄၉၆.၁ | ၄.၀ | ၇.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၀,၆၁၁,၇၅၉.၀ | ၈.၅ | ၁၁,၈၄၂,၀၅၇.၉ | ၈.၆ | ၁၁.၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၉,၂၆၃,၁၇၆.၅ | ၇.၄ | ၁၀,၀၈၈,၄၉၉.၄ | ၇.၃ | ၈.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၂,၂၇၀,၂၅၂.၄ | ၉.၈ | ၁၃,၅၂၂,၆၀၆.၁ | ၉.၈ | ၁၀.၂ |
| ၁၀ | မွန်ပြည်နယ် | ၅,၂၇၄,၄၅၇.၇ | ၄.၂ | ၅,၈၃၀,၈၄၈.၁ | ၄.၂ | ၁၀.၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၅,၄၇၅,၂၀၄.၃ | ၄.၄ | ၅,၉၀၄,၈၁၅.၁ | ၄.၃ | ၇.၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၁,၉၄၂,၅၂၅.၀ | ၂၅.၅ | ၃၆,၀၇၅,၇၈၇.၇ | ၂၆.၁ | ၁၂.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၇,၆၀၅,၇၂၀.၃ | ၆.၁ | ၈,၃၃၅,၁၅၈.၃ | ၆.၀ | ၉.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၅,၈၈၅,၅၉၀.၅ | ၁၂.၇ | ၁၆,၈၃၇,၄၈၄.၇ | ၁၂.၂ | ၆.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၅၇၀,၀၄၃.၉ | ၂.၀ | ၂,၈၁၈,၁၅၅.၃ | ၂.၀ | ၉.၇ |

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ဂန်းတောကျေးရွာနေ လဝီချမ်း(ခ)အရှစ်သည် ၎င်းအသုံးပြုသည့် “Ah Shit” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မေတ္တာ (က)ရပ်ကွက်နေ သိန်းကျော်စိုးသည် ၎င်းအသုံးပြုသည့် “Thein Kyaw Soe” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက်နေ သော်တာမိုး(ခ) ပီစိုင်းသည် ၎င်းအသုံးပြုသည့် “Thawdar Moe” Tiktok အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

တရားဝင်ကိုယ်စားလှယ် တက်ရောက်ခွင့်မရှိစေရန် တားမြစ်ခဲ့ခြင်းမှာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးမှုများကို ဆန့်ကျင်သည့်အတွက် မြန်မာနိုင်ငံက သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးသည် အများပြည်သူသို့ ထုတ်ပြန်ထားပြီးဖြစ်သည့် CRPH၊ NUG၊ PDF အမည်ခံအဖွဲ့များ၏ ပကတိကျူးလွန်မှုအတိုင်းအတာကို ထင်ဟပ်ဖော်ပြရန် ပျက်ကွက်ခဲ့သည်။ ၃၁-၃-၂၀၂၃ ရက်အထိ ကလေး ၁၆၂ ဦး၊ ဆရာ၊ ဆရာမ ၇၃ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၆ ဦးနှင့် အုပ်ချုပ်ရေးမှူး ၇၇၃ ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၅၄၇၅ ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြမ်းဖက်အဖွဲ့များ၏ သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများကို သိသာစွာ လျှော့ပေါ့ဖော်ပြထားသဖြင့် စိတ်ပျက်ရသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူသည် လူ့အခွင့်အရေးကိစ္စများထက် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ အရေးအပေါ် အာရုံစိုက်လျက်ရှိပြီး ယင်းနှင့်စပ်လျဉ်းသည့်အစီရင်ခံစာနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံများအကြား ဆက်ဆံရေးတွင် ဝင်ရောက်စွက်ဖက်သည့်စာတမ်းများ ထုတ်ပြန်နေခြင်းမှာ ၎င်း၏လုပ်ပိုင်ခွင့်ကို ကျော်လွန် ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း သတ်ဖြတ်မှုများနှင့် အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့် လှုံ့ဆော်ခြင်းတို့အတွက် တာဝန်ရှိသူများကို နိုင်ငံအချို့က ခိုလှုံခွင့်ပြုထားခြင်းမှာ လက်ခံနိုင်ဖွယ်မရှိပါ။ အထူးအစီရင်ခံစာ တင်သွင်းသူအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရေးနှင့် အထီးကျန်စေရေး တောင်းဆိုနေမှုများသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူများ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်သည်လည်း ကုလသမဂ္ဂအထွေထွေညီလာခံသို့ရှင်းလင်းတင်ပြသည့် အလွတ်သဘော အစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ ယင်းသို့ ရှင်းလင်းတင်ပြရာတွင် အထူးကိုယ်စားလှယ်သည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အစိုးရဆန့်ကျင်သူများထံမှ ရရှိသည့် မမှန်ကန်သော အချက်အလက်များကို အခြေခံကာ တစ်ဖက်သတ်ဆန်စွာ ပြောကြားခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ နိုင်ငံရေးနှင့် စစ်ရေး အကျိုးအမြတ်အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အလွဲသုံးစားပြုရန် အဆိုပြုချက်များအပေါ် အထူးကိုယ်စားလှယ်အနေဖြင့် ဂရုပြုသင့်သည်။ မြန်မာနိုင်ငံအစိုးရသည် ထိခိုက်ခံစားရသော ပြည်သူလူထုအတွက် လိုအပ်သော အကူအညီများ ပေးအပ်လျက်ရှိသည်။ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုံးခွဲများဖွင့်လှစ်ထားသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ကွင်းဆင်းခရီးစဉ် ၂၄ ခုနှင့် ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ကနေဒါ၊ ဗြိတိန်နှင့် နော်ဝေနိုင်ငံများမှ သံတမန်များ၏ ကွင်းဆင်းခရီးစဉ် ၄၉ ခုတို့ကို မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့သည်။ သို့ဖြစ်ရာ ဝင်/ထွက်ခွင့် ကန့်သတ်ကြောင်း စွပ်စွဲမှုများမှာ မှန်ကန်ခြင်းမရှိပါ။ လူသားချင်းစာနာထောက်ထားမှု အကူအညီများအပါအဝင် အကူအညီများပေးအပ်ရာတွင် သက်ဆိုင်ရာနိုင်ငံ၏ သဘောတူခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံ၏ သဘောတူညီချက်မပါဝင်သော အစီအမံများသည် ဆန့်ကျင်ဘက် သက်ရောက်မှုများသာ ဖြစ်ပေါ်စေနိုင်ကြောင်းနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအတွက် တာဝန်ရှိသူများနှင့် ဆက်သွယ်ခြင်းမှာ အကြမ်းဖက်မှုကို အားပေးရာရောက်ကြောင်း အထူးကိုယ်စားလှယ်ကို အသိပေးဖော်ပြအပ်သည်။

ဥရောပသမဂ္ဂသည် လူ့အခွင့်အရေးကောင်စီ၏ (၅၂)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံကို ဆန့်ကျင်သည့်ဆုံးဖြတ်ချက်အဆိုစာရွက်စာတမ်းအမှတ် A/HRC/52/L.19 ဖြင့် ထပ်မံ တင်သွင်းခဲ့သည်။ ယင်းရှည်လျားသော ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံအပေါ် ထားရှိသော ယန္တရားအမြောက်အမြားနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်သည့် အတိုင်းအတာကို ပြသလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီဖော်ဆောင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ပြည်တွင်းတရားစီရင်ပိုင်ခွင့်အတွင်း ကျရောက်သော ကိစ္စရပ်များတွင် အမိန့်ပေးစွက်ဖက်ခြင်းများ ပါဝင်သည့် ယင်းဆုံးဖြတ်ချက်အဆိုကို လက်ခံနိုင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ထို့ပြင် ဆုံးဖြတ်ချက်အဆိုသည် ၂၀၁၇ ခုနှစ်တွင် ARSA (ခေါ်) Aqa Mul Mujahideen အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှုထားသည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား တိုးတက်မှုများရှိပြီး စိစစ်ပြီးသူများအား လူတွေ့မေးမြန်းရန် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် မတ်လတွင် တက္ကနာဖ်မြို့သို့ သွားရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ပထမသုံးလအတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာပါဝင်သူ ၁၆ ဦး အပါအဝင် နေရပ်ပြန်လိုသူများ သတ်ဖြတ်ခံနေရမှုများကို အဆိုမူကြမ်းက မျက်ကွယ်ပြုထားသည်။ ARSA ၏ သတ်ဖြတ်ခြိမ်းခြောက်မှုများကြောင့် ၂၀၁၇ ခုနှစ်တွင် နေရပ်စွန့်ခွာမှုများဖြစ်ခဲ့ပြီး လက်ရှိ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေသည်မှာ ငြင်းကွယ်၍မရသော်လည်း ယင်းအချက်ကို အဆိုမူကြမ်းတွင် ချန်လှပ်ထားသည်။ "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းကို မြန်မာပြည်သူများနှင့် အစိုးရအဆက်ဆက်က လက်ခံခြင်းမရှိဘဲ ယင်းအသုံးအနှုန်းသည် အင်္ဂလိပ်ကိုလိုနီခေတ် တရားဝင်မှတ်တမ်းများတွင်ပင် ပါဝင်ခြင်းမရှိကြောင်းနှင့် ဥပဒေကြောင်းအရလည်း တရားဝင်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ခွဲခြားမှုမရှိဘဲ နိုင်ငံသားအဆင့်အတန်းပေးအပ်လျက်ရှိသည်။

သို့ဖြစ်ရာ အထက်ပါ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သည့် ဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်များမှာ အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် တစ်ဖက်သတ်ထင်မြင်ချက်များအပေါ် အခြေခံကာ နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ဘက်မလိုက်ခြင်း၊ သမာသမတ်ကျခြင်း၊ ရွေးချယ်ပစ်မှတ်မထားခြင်းတို့နှင့် ဆန့်ကျင်နေသည့် "မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ပြတ်သားစွာပယ်ချပြီး ယင်းအဆိုမူကြမ်းကို ချမှတ်ခဲ့ရာတွင် မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်း မပြုကြောင်း ဖော်ပြအပ်သည်။ အထက်ပါဆွေးနွေးပွဲများတွင် မျှတစွာရပ်တည်ခဲ့ပြီး ဆုံးဖြတ်ချက်အဆိုမူကြမ်းကို အတည်ပြုစဉ် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသော နိုင်ငံများကို မြန်မာအစိုးရက အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၉၇,၄၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၅၇၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

◆ **သီတက္ကန်(မြောက်)မှ**

အဓိကလုပ်ကိုင်လျက်ရှိပြီး နှစ်စဉ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း အတာအိုးများရောင်းချနိုင်ရေး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကြိုတင်ပြုလုပ်ကြသည်။

အတာအိုးများကို မိတ္ထီလာ၊ မလှိုင်၊ တောင်သာ၊ မြင်းခြံ၊ သာစည်မြို့နယ်တို့မှ အိုးကုန်သည်များက ကျေးရွာအရောက်ဝယ်ယူလျက်ရှိရာ ယခုနှစ်တွင် တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ရွာငံ၊ ပင်းတယ၊ ဟဲဟိုးမြို့နယ်တို့ရှိ အိုးကုန်သည်များက ကျေးရွာအရောက် အိုးတစ်လုံးလျှင် ငွေကျပ်၂၀၀ မှ ၂၅၀ အထိ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ထိုသို့ဝယ်ယူမှုကြောင့် အိုးလုပ်ငန်းလုပ်ကိုင်သူများမှာ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆နာရီအထိ လုပ်ကိုင်ကြရသည်။ အတာအိုးများကို ကြိုတင်မှာယူရသည်အထိ ရောင်းအားကောင်းလျက်ရှိရာ ထိုအတာအိုးလုပ်ငန်းကို သီတက္ကန် (မြောက်)ကျေးရွာသာမက အနီးအနားကျေးရွာများပါ လုပ်ကိုင်လျက်ရှိသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲသည် အနှစ်သာရပြည့်ဝပြီး ပြည်သူနှင့် နိုင်ငံအတွက်သာမက အနုပညာရှင်များအတွက်ပါ အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ် အနုပညာရှင်များအတွက် ထူးခြားလေးနက်သည့်အတွက် ဘက်ပေါင်းစုံမှ အခမ်းနားဆုံးဖြစ်အောင် စဉ်းစားဆောင်ရွက်လျက်ရှိ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Broadcaster များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော်   ဧပြီ   ၆**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Broadcaster များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် Forever Group Co.,Ltd.၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment (5 Plus) ရုပ်သံလိုင်း၊ YTV ရုပ်သံလိုင်း၊ Channel K ရုပ်သံလိုင်း၊ Fortune TV ရုပ်သံလိုင်း၊ Nebula X Entertainment တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အရေးကြီးသည့် ခြေလှမ်းတစ်ရပ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို နေပြည်တော်တွင် နိုင်ငံတော်အဆင့်အခမ်းအနားကြီးတစ်ခုအဖြစ် ခမ်းနားစွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အနုပညာရှင်များကို နိုင်ငံတော်က တန်ဖိုးထားသကဲ့သို့ ပြည်သူများကလည်း တန်ဖိုးထားပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသည် အနှစ်သာရပြည့်ဝပြီး ပြည်သူနှင့် နိုင်ငံအတွက်သာမက အနုပညာရှင်များအတွက်ပါ အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ပြည်သူလူထု စိတ်ဝင်စားမှုနှင့်အတူ အနုပညာရှင်များအတွက် ထူးခြားလေးနက်သည့်အတွက် ဘက်ပေါင်းစုံမှ အခမ်းနားဆုံးဖြစ်အောင် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအစီအစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသရာတွင် တက်ရောက်လာကြသည့် မိတ်ဖက် Broadcaster များအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကျင်းပစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများအနေဖြင့် ပြည်သူလူထုစိတ်ဝင်စားဖွယ် ဖော်ကျူးတင်ဆက်လိုသည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စား မြဝတီရုပ်သံ(နေပြည်တော်)တပ်မှူးနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

### ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တက်ရောက်လာကြသည့် ရုပ်သံလိုင်းများမှ တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ ထုတ်လွှင့်ရာတွင် ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် ဝင်ပေါက်အမှတ်(၂) တည်ဆောက်နေမှုနှင့် လုံခြုံရေးစစ်ဆေးဆောင်ရွက်မည့်နေရာများ၊ လူငယ်သင်္ကြန်ဇုန်အတွင်း ကလေးငယ်များ ဆပ်ပြာမြှုပ်များဖြင့် ပျော်ရွှင်စွာဆော့ကစားနိုင်မည့် foam party နှင့် လူငယ်များအတွက် ရောင်စုံသင်္ကြန်ရေကစားမဏ္ဍပ် colourful party တည်ဆောက်နေမှု၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်၏ ဖျော်ဖြေရေးမဏ္ဍပ်တည်ဆောက်နေမှု၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရေကစားနိုင်ရန်အတွက် ကြိုးပမ်းပြင်ဆင်ဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားသင်္ကြန်ဇုန်အတွင်း တိုင်းရင်းသားရေကစားမဏ္ဍပ် ပြင်ဆင်ဆောက်လုပ်ထားရှိမှုနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အများပြည်သူလျှောက်လမ်းများအပေါ်တွင် ရေမှုန်ရေမွှားများဖြင့် ပက်ဖျန်းပေးနိုင်ရေး ဆောင်ရွက်ပြင်ဆင်နေမှုများ၊ သနပ်ခါးသင်္ကြန်ဇုန်နှင့် ဝင်ပေါက်အမှတ် (၁) တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့် အဆင့်အတန်းမီစွာ ဆောက်လုပ်ပြင်ဆင်သွားရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံသို့ ရောက်ရှိပြီး စင်မြင့်ဆောက်လုပ်ခြင်း၊ စင်မြင့်ပြင်ဆင်ခြင်း၊ အသံစနစ်၊ မီးအလင်းရောင်စနစ်များ၊ နေရာထိုင်ခင်းစီစဉ်ထားရှိမှုများ၊ အနုပညာရှင်များအတွက် Red Carpet နေရာလျာထားမှုနှင့် 3D Digital Mapping စနစ်ဖြင့် အခမ်းအနားဖွင့်လှစ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများ နေပြည်တော်လမ်းလျှောက်သင်္ကြန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၃ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် ယခုနှစ်မှ နေပြည်တော်တွင် စတင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူ ဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့ သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား LAOSAT Company Limited မှ CEO နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား LAOSAT Company Limited မှ Chief Executive Officer – CEO Mr. Wu Fang Jie ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# KG+12 ပြီးမြောက်အောင်မြင်လာသော ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပြောင်းလဲကျင့်သုံးမည့် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ စုစုပေါင်း ၁၄၆ ဦး တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အကုန်တွင် KG+12 သင်ရိုးအသစ်ဖြင့် အခြေခံပညာပြီးမြောက်လာသော ကျောင်းသား ကျောင်းသူများသည် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ဝင်ရောက်လာမည်ဖြစ်ပါသဖြင့် ဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းများကို KG+12 တွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် Credit စနစ်များ၊ အရည်အသွေးအာမခံမှုစနစ်များနှင့်အညီ ရေးဆွဲရန်လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်မှုကို အဓိကထားရေးဆွဲစေလိုပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြှင့်တင်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အရည်အချင်းမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်နှင့် လက်တွေ့သင်ခန်းစာများ၊ လက်တွေ့ခန်းသုံးပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြု၍ သင်ကြားရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို အတတ်ပညာနှင့် အသိပညာတိုးတက်ရေးအတွက်သာမက စိတ်ဓာတ်ကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်လာရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်သော သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးခဲ့ကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်သွန်နီများ စမ်းသပ်စိုက်ပျိုး အောင်မြင်လျက်ရှိ

**မြစ်ကြီးနား ဧပြီ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရွှေမြေ JAGA စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူ၍ မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာရှိ စိုက်ပျိုးမြေ ၃ ဒသမ ၅ ဧကပေါ်တွင် ပထမဆုံးအကြိမ် မြစ်သားမျိုးကြက်သွန်နီအား စမ်းသပ်စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ စမ်းသပ်စိုက်ပျိုးရာတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ၄၅ ရက်ပျိုးထောင်ခြင်း၊ စတင်စိုက်ပျိုးချိန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ရိတ်သိမ်းချိန် ၂၀၂၃ ခုနှစ် ဧပြီလအထိ ရက်ပေါင်း ၁၀၀ ဆောင်ရွက်ခြင်း အခြောက်ခံခြင်းများ ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ကြက်သွန်နီထွက်ရှိနှုန်းမှာ ပိဿာချိန် ၃၅၀၀ မှ ၃၇၀၀ ကြား ထွက်ရှိခဲ့ပြီး စိုက်ပျိုးမြေ ၃ ဒသမ ၅ ဧကတွင် ကြက်သွန်နီပိဿာချိန် ၁၂၀၀၀ မှ ၁၃၀၀၀ ကြား ထွက်ရှိသည်။

ဒေသတွင်းထွက်ရှိလာသော ကြက်သွန်နီများအား ပြင်ပထက်သက်သာသော ဈေးနှုန်းဖြင့် ကချင်ပြည်နယ်အတွင်း ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အသင်းသားပြည်သူများအား လက်လီလက်ကားဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့နယ် ပြည်သူ့ဆေးရုံအား ကြည့်ရှုစစ်ဆေး

**ရပ်စောက် ဧပြီ ၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ရပ်စောက်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကပေးအပ်ရာ ဆေးရုံဆရာဝန် ဒေါက်တာစန်းယုကိုကိုက လက်ခံရယူသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ ရပ်စောက်မြို့ မြို့မဈေးတွင် ဒေသခံပြည်သူများ စည်ကားစွာရောင်းဝယ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့များက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရပ်စောက်မြို့ ရဿဝတီခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ရပ်စောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်(မြို့နယ်အုပ်ချုပ်ရေးမှူး)က ဒေသဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး



ရပ်မိ၊ ရပ်ဖ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများက ဒေသလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တင်ပြချက်များအပေါ် လုပ်ငန်းကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရပ်စောက်မြို့နယ် ဗထူးတပ်နယ်အတွင်းရှိပိန်းချောင်းဆည် ရေထုတ်ပြွန်တည်ဆောက်နေမှု၊ ရေကျော်(Spillway)မြှင့်တင်နေမှုနှင့် ကန်ပေါင်ကျောက်ကြီးစီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရပ်စောက်မြို့ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်မှ စိုက်ပျိုးထားသော ကော်ဖီခြံအား သွားရောက်ကြည့်ရှုရာ ခြံတာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က ကော်ဖီခြံအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝူရှူးအားကစားနည်း ပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ

နေပြည်တော် မေ ၆

၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ဝူရှူးအားကစားနည်းမှ (ချန်းစု၊ နန်းချွမ်၊ ထိုက်ချီချွမ်၊ သေ့လျန့်၊ ဆန်းဆို) အားကစားသမားအမျိုးသား ရှစ်ဦး၊ အမျိုးသမီးလေးဦးတို့၏ ပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ် ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။



### အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ အားကစားသမားများအနေဖြင့် မိမိနိုင်ငံနှင့် လူမျိုးအတွက် ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်၍ ပြိုင်ပွဲတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် နောက်ဆုံးအချိန်အထိ အစွမ်းကုန် ကြိုးစားယှဉ်ပြိုင် သွားကြရန် လိုကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စည်းကမ်းလိုက်နာပြီး စနစ်တကျ ကြိုးစားလေ့ကျင့်သည့် အားကစားသမားများကိုသာ စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် အားကစား သမားများအား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် လေ့ကျင့် သင်ကြားပေးရန်နှင့် စိတ်ဓာတ်သည် အဓိက အရေးကြီးသည့်အတွက် စိတ်ခွန်အားများ မြင့်တက်လာအောင် သင်ကြားပြသပေးရန်လိုကြောင်း၊ အောင်မြင်မှု ဆုတံဆိပ်ရရှိခဲ့သူများကို နိုင်ငံတော်ကလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့်အတွက် ယခုလာမည့် (၃၂) ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင်လည်း အောင်မြင်မှု ဆုတံဆိပ်များရရှိအောင် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအားလုံး တက်ညီလက်ညီ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကြာမီ ရောက်ရှိမည့် ၁၃၈၄ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာလတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မိသားစုလမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည့် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်းမှ အားကစားမောင်မယ်များ ပျော်ရွှင်စွာ ရေပက်ကစားနိုင်ရန်အတွက် အတာသင်္ကြန်မဏ္ဍပ် ကြိုတင်ပြင်ဆင်နေမှုကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ်(၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၁-၃-၂၀၂၃ ရက်နေ့ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံကို ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ခ)နှင့် ငြိစွန်းကြောင်း တွေ့ရှိရသဖြင့် ပြန်လည်ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**က ပြင်ဆင်တင်ပြလာသည့် ဖော်ပြပါပါတီအလံကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ အလံပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မေ ၅ ရက်နှင့် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား ၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ လုပ်ငန်းအထူးအဖွဲ့များ၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင်နှင့် ပြည်ခရိုင်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတိုးတိုးက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အအုံ၊ လမ်း၊ တံတား များတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တာဝန်ယူဆောင်ရွက်ရသောလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ၊ ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ပြည်သူများ သွားလာရေးနှင့်နေထိုင်ရေး လွယ်ကူအဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ပြီး မိမိတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းအခက်အခဲ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက မိသားစုစိတ်ဓာတ်ထားရှိကာ ပွင့်ပွင့်လင်းလင်း အချိန်မရွေး တင်ပြနိုင်ပါကြောင်းနှင့် အရာထမ်း / အမှုထမ်းအချင်းချင်း အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ဖြင့် ဆောင်ရွက်ရန် ၊ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသော ဆက်ဆံရေးတို့ဖြင့် အလေ့အထကောင်းများကို ဆက်လက်ထိန်းသိမ်း၍ နေထိုင်ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - ပဲခူး - တောင်ငူ - မန္တလေး ပြည်ထောင်စုလမ်းမကြီး (ပဲခူး - ညောင်းလေးပင်ပိုင်း) မိုင်တိုင် (၄၀ / ၆)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်သော လက်ရှိလေးလမ်းသွားမှ ခြောက်လမ်းသွားအဆင့် ပေ ၉၀ လမ်းတာပေါင်တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)က တာဝန်ယူဆောင်ရွက်နေသော အရှည်ပေ ၂၄၀ သနပ်ပင်မြို့တွင်း တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး ၊ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှောင်လမ်းအသစ် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေး၍ ကွန်ကရစ်ခင်းရာတွင် အောက်ခံလမ်းသား အမာခံရရှိပြီးမှ ကွန်ကရစ် ခင်းရန်၊ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့နှင့် စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေးအမြန်လမ်း (ရန်ကုန် -နေပြည်တော်ပိုင်း) တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဦးစားပေးအလိုက် ကတ္တရာကွန်ကရစ် (AC) ခင်း၍ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေး ဝဲ / ယာတို့တွင် သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ၊ သက်တမ်းကြာမြင့်ပြီးဖြစ်သော တံတားများ၏ကြံ့ခိုင်မှုနှင့် တံတားအောက်ခြေ Abutment များ ရေတိုက်စားနိမ့်ကျသည်တို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၀၄/၁) မှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက်အဝင် / အထွက် ပြုလုပ်နိုင်သည့် အရှည် ၃၀၈၄ ပေ ကတ္တရာ ကွန်ကရစ်လမ်းပိုင်းတွင် ခရီးသွားပြည်သူများ မြင်သာသိသာစေရန် လမ်းညွှန်ဆိုင်းဘုတ်စိုက်ထူရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် U Turn နှင့် Guard Rail များ ၊ သတိပေးဆိုင်းဘုတ်များထားရှိရန် ၊ သစ်ပင်များ ၊ ပန်းအလှပင်များ မိုးဦးမကျမီ ပြုပြင်ထိန်းသိမ်းထားရှိရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကတ္တရာကွန်ကရစ်ခင်းပြီးမှု အခြေအနေ၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေး ဝဲ / ယာ သစ်ပင်များ၊ ပန်းအလှပင်များနှင့် ရေမြောင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ်းသောလက်တွေ ညောင်းလှပြီ

မောင်မုဒိတာ

ပြီးခဲ့သည့် မတ်လ ၈ ရက်နေ့ ညဘက် တီဗွီသတင်းတွင်ကြည့်လိုက်ရသည်။ နောက်တစ်နေ့ သတင်းစာတွင်လည်း စိတ်ဝင်တစားဖတ်မိသည်။ “အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာ” ဆိုသည့် သတင်းဖြစ်သည်။

ဦးဆောင်သူက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်ဖြစ်သည်။ မြန်မာနိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) မှ ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဦးဆောင်ကာ နေပြည်တော်မှ စစ်တွေသို့လေကြောင်းခရီး၊ ထိုမှတစ်ဆင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်ဝင်ရောက်လာပါက အဆင်သင့်ဖြစ်စေရေးအတွက် စီစဉ်ထားသည့် မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ယာယီနေရာချထားရေးစခန်းတို့ကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပြန်လည်နေရာချထားမည့်လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ၊ မျက်ဝါးထင်ထင် လိုက်လံရှင်းလင်းပြသခြင်းဖြစ်သည်။ လိုက်ပါလာသူများ၏ သိရှိလိုသည်များကိုလည်း စခန်းအသီးသီး၌ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် ဌာနအလိုက် တာဝန်ခံများက ဂုဏ်သိက္ခာရှိစွာ ပြန်လာမည့်သူများအတွက် လက်ခံဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းချပြ ဆွေးနွေးခဲ့ကြသည်ကိုလည်း တွေ့ရသည်။

### ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိ

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရာတွင် ရေလမ်းကြောင်းမှ ဝင်လာသူများအတွက် ငါးခူရ၊ ကုန်းလမ်းကြောင်းမှ ဝင်လာသူများအတွက် တောင်ပြိုလက်ဝဲ စသည့်ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိသည်မှာ နှစ်တော်တော်ကြာနေပြီဖြစ်သည်။ ထိုစခန်းနှစ်ခုတွင် ပြန်လည်လက်ခံပြီးသူများကို လှဖိုးခေါင်စခန်း၌ ယာယီနေရာချထားရန်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့် ၎င်းတို့ ယခင်က နေထိုင်ခဲ့သည့်နေရာ (သို့မဟုတ်) တာဝန်ရှိသူများက စီစဉ်နေရာချထားပေးသည့်နေရာတို့သို့ အသီးသီး ပြောင်းရွှေ့နေရာချထားပေးရန်လည်း စီမံထားပြီးဖြစ်သည်။ စခန်းသုံးခုလုံးတွင်လည်း ပြန်လည်ဝင်ရောက်လာသူများအတွက် အသင့်နေထိုင်နိုင်ရန် မိုးလုံလေလုံအဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာအပြည့်အစုံ၊ စားသောက်ရေးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားအပါအဝင် စားသောက်ဖွယ်ရာများနှင့် ချက်ပြုတ်စားသောက်ရန် ထင်းအစားထိုး လောင်စာတောင့်မှအစ အဆင်သင့်စီစဉ်ထားပြီးဖြစ်သည်။ ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးပစ္စည်းအစုံအလင်နှင့် ကျန်းမာရေးဝန်ထမ်းများလည်း ရှိနှင့်ပြီးဖြစ်သည်။ ထိုအရာများမှာ ယခုမှမဟုတ်၊ ၂၀၁၈ ခုနှစ် ပထမဆုံးအကြိမ်ပြန်လည်လက်ခံမည့်အချိန်ကတည်းက အပြည့်အစုံရှိပြီးဖြစ်သည်။ အဆောက်အအုံမှအစ မကြာခဏဆိုသလို ပြုပြင်ပြင်ဆင်ဆောင်ရွက်နေရသော်လည်း ဝင်လာမည့်သူများက အကြောင်းအမျိုးမျိုးပြ၍ ပြန်မလာကြ။ ယခုလည်း ယခင်လိုပင် အားလုံးအဆင်သင့်ရှိနေသည်။



အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် လှဖိုးခေါင်ယာယီလက်ခံရေးစခန်း ပြင်ဆင်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

### နိုင်ငံတကာက သိရှိနားလည်စေချင်

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ(၁)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အတူ နွေနေပူအောက်တွင် စိတ်ဝင်တစားလိုက်ပါကြည့်ရှုလေ့လာကြသည့် သံရုံးအကြီးအကဲများ၊ သံတမန်များနှင့် AHA ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မြန်မာနိုင်ငံဘက်မှ လက်ရှိပကတိဆောင်ရွက်ထားရှိမှုများကို မျက်မြင်ကိုယ်တွေ့သိရှိနားလည်သွားမည်မှာ ဧကန်ဖြစ်သည်။ **၎င်းတို့၏ မျက်မြင်ကိုယ်တွေ့သိရှိမှု အစီရင်ခံချက်များအရ ၎င်းတို့၏ နိုင်ငံအကြီးအကဲများကလည်း သိရှိနိုင်မည်။ ထိုမှတစ်ဆင့် နိုင်ငံတကာက သိရှိနားလည်စေချင်မိသည်။** ဤသည်က ကျွန်တော့်၏ဆန္ဒ။ သို့သော်လည်း ပြန်လည်လက်ခံရေးကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များက ရပ်တန့်နေသယောင်၊ နှေးကွေးနေသယောင်၊ ဘာမျှမလုပ်သယောင် ပြည်ပမီဒီယာတချို့နှင့် ပြည်ပနိုင်ငံတချို့။ ထို့အပြင် ဘင်္ဂါလီအရေးတက်ကြွလှုပ်ရှားသူတချို့က ပြန်လည်လက်ခံရေးလုပ်ငန်းဆောင်ရွက်ချက် အရှိပကတိအခြေအနေများကို မျက်ကွယ်ပြု၊ မျက်စိစုံမှိတ်ငြင်းနေသည်က ရှိနေသည်။ မြန်မာဘက်က ဘာမှမလုပ်ဘူးဆိုပြီး။ ထိုအဖြစ်ကိုလည်း အမှန်ထင်နေကြသူများကလည်း ရှိနေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများလည်း တောင်ပြိုလက်ဝဲ၊ ငါးခူရ၊ လှဖိုးခေါင်စခန်းများကို လှည့်လည်သွားရောက်ပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာစခန်းအလိုက် တာဝန်ခံများကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။ အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ စားသောက်ရေးမှအစ စီစဉ်ဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ယင်းအဖွဲ့တွင် မိမိကိုယ်တိုင်ပါဝင်ခဲ့သည့်အတွက် **ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် စီစဉ်ထားရှိမှုက လုံးဝဥဿုံအားလုံးအဆင်သင့်ဖြစ်နေပြီ**ဟု ပြောလိုသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားသည့် အကြောင်းရင်းများ၊ အဖြစ်အပျက်များက စိတ်ဝင်စားကြသူများဆိုပါက အလွတ်ပင် ရနေလောက်ပြီ။ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများ၊ ညှိနှိုင်းမှုများ၊ ချပြမှုများ မီဒီယာမျိုးစုံတွင် ဖော်ပြနေကြသည်။ နိုင်ငံပိုင်မီဒီယာများမှာမူ လက်ရှိပကတိဖြစ်ရပ်မှန်များကို ရေးသားဖော်ပြထုတ်လွှင့်နေကြသော်လည်း တချို့က အမှန်လုပ်ရပ်ကို ဥပေက္ခာပြု၍ နိုင်ငံရေးကစားကွက်အဖြစ် လုပ်ဇာတ်ခင်းအသွင်ပြောင်းသွတ်သွင်းကာ လိုရာကို ပုံဖော်ဖိအားပေးနေကြသည်။ ဇာတ်နာအောင်ပေါ့။

### နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးစားနေကြ

ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်ဖြစ်စဉ်များတွင် အာဆာအကြမ်းဖက်အဖွဲ့များက ရဲစခန်းနှင့် တပ်စခန်းများကို အလုံးအရင်းဖြင့် စီမံချက်ချ ဝင်ရောက်တိုက်ခိုက်ရာမှ မအောင်မြင်ခဲ့သည့်အခါတွင် ဘင်္ဂါလီများကို စည်းရုံး၊ မရလျှင် ခြိမ်းခြောက်ဖိအားပေး၊ အကျပ်ကိုင်၊ ရွာများကို မီးရှို့ စသည့်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအများစုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်သွားကြခြင်းဖြစ်သည်။ ပြည်ပနိုင်ငံတချို့နှင့် ပြည်ပမီဒီယာတချို့က ဖြစ်စဉ်အမှန်ကို ထိမ်ချန်ပြီး လုပ်ဇာတ်များဖြင့် ဘာသာရေး၊ လူမျိုးရေးမှိုင်းတိုက်ကာ လိုသလိုပုံဖော်၍ နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးစားနေကြသည်။ ၎င်းတို့နှင့်အတူ ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူများဟု ဆိုသူများကလည်း ဘင်္ဂလားဒေ့ရှ်ရောက် ဘင်္ဂါလီများအတွက်သာ အရေးဆိုနေကြပြီး အာဆာ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှု၊ အိုးမဲ့အိမ်မဲ့ဖြစ်မှုများကြုံတွေ့ရသည့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများနှင့် ဟိန္ဒူများ၏ အဖြစ်သနစ်ကိုမူ မသိသလိုလျစ်လျူရှုနေကြသည်။

မည်သို့ပင်ဆိုစေ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို မြန်မာနိုင်ငံအနေဖြင့် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရန် အဆင်သင့်ရှိနေသည်ကတော့အမှန်။ သို့သော်လည်း ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံသဘောတူညီချက်များအနက် **နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးမူ (၅) ချက်**နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှသာလျှင် မြန်မာဘက်က ပြန်လည်လက်ခံမည်ဆိုသည်ကိုမူ သိရှိထားရပေမည်။ အဆိုပါ ပြန်လည်လက်ခံရေးမူ (၅) ချက်မှာမူ **(၁) မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ရမည်။ (၂) မိမိဆန္ဒအလျောက် ပြန်လာမည့်သူဖြစ်ရမည်။ (၃) ကွဲကွာနေသော မိသားစုဝင်များအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတရားရုံး၏ မှန်ကန်ကြောင်း ထောက်ခံချက်ပါရှိရမည်။ (၄)ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားခဲ့သည့်ကလေးများဖြစ်ပါက မိဘနှစ်ပါးလုံးသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူများဖြစ်ရမည်။ (၅) နေရပ်စွန့်ခွာသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ရောက်ရှိပြီး**

စာမျက်နှာ ၁၇ သို့ ✤

> **မကြာမီ မျက်မြင်စစ်ဆေးရေးအဖွဲ့များ၏ မျက်မြင်ကိုယ်တွေ့မေးမြန်းစိစစ်ချက်များအရ ပြန်လည်လက်ခံရန် အတည်ပြုသူများအား ယခင်ပြန်လည်လက်ခံရန် အတည်ပြုထားသည့်စာရင်းများနှင့် ပေါင်းစပ်ကာ Pilot Project ဖြင့် ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတချို့နှင့် ပြည်ပမီဒီယာတချို့တို့၏ မျက်စိစုံမှိတ်ကာ အပြုသဘောမဆန်သည့် ဝေဖန်သုံးသပ်မှုများက တစ်ဖက်သတ်ဆန်လှသည်။ လက်ရှိ ပကတိလုပ်ရပ်အပေါ် ထောက်ရှုသုံးသပ်မှသာ မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုကို သိရှိနားလည်မည်**

✤ စာမျက်နှာ ၁၆ မှ

**မွေးဖွားသည့်ကလေးများအတွက် မှန်ကန်ကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံး၏ ထောက်ခံချက်ပါရှိရမည်** စသည့် စံသတ်မှတ်ချက် (၅) ချက်ပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပေးပို့လာသည့် စာရင်းများကို ယင်းစံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ လက်ရှိ မြန်မာနိုင်ငံတွင်ရှိနေသည့် စာရင်းများနှင့် တိုက်ဆိုင်စိစစ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ စာရင်းများဆိုရာတွင် ယင်းဒေသ၌ ယခင်ကတည်းက နှစ်စဉ်နှစ်တိုင်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နေရပ်စွန့်ခွာမှုမရှိမီကာလအထိ ဆောင်ရွက်ခဲ့သည့် ဆွဲတင်စစ်ဆိုသည့် လုပ်ငန်းစဉ်စာရင်းများဖြစ်သည်။

**ဆွဲတင်စစ်စာရင်းဖြင့် တိုက်ဆိုင်စစ်ဆေး**

ဆွဲ၊ တင်၊ စစ် ဆိုသည်မှာ ရခိုင်ပြည်နယ် (မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ကြသည့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးတာဝန်ရှိသူများအနေဖြင့် ယင်းဒေသရှိ လူဦးရေနှင့်အချက်အလက်များကို နှစ်စဉ်နှစ်တိုင်း ကောက်ယူမှတ်တမ်းတင်နိုင်ရေးအတွက် စာရင်းကောက်ယူမည့်ဒေသကို မြေပုံရေးဆွဲခြင်း၊ အချက်အလက်မှတ်တမ်းတင်ခြင်းနှင့် စာရင်းကောက်ယူစစ်ဆေးခြင်းလုပ်ငန်းကို အတိုကောက်ခေါ်ယူခြင်းဖြစ်သည်။ (၃) မျိုးစာရင်းဟု ခေါ်ကြသည်လည်းရှိသည်။ ယင်းကဲ့သို့ မြေပုံတွင် တင်ထားသည့် အိမ်ခြေအလိုက် လူဦးရေအချက်အလက်များကို နှစ်တိုင်းကောက်ယူသည့်အတွက် တိကျမှန်ကန်သည့်အချက်အလက်များက နှစ်တိုင်းရရှိသည်။ မိသားစုအလိုက် မှတ်တမ်းဓာတ်ပုံကိုလည်း ရယူမှတ်တမ်းတင်ကြသည်။ ဘင်္ဂလားဒေ့ရှ်မှ ပေးပို့သည့် စာရင်းများကို ၎င်းတို့ ရခိုင်ပြည်နယ်မှ နေရပ်မစွန့်ခွာမီ နောက်ဆုံးဆောင်ရွက်ခဲ့သည့် ဆွဲတင်စစ်စာရင်းဖြင့် တိုက်ဆိုင်စစ်ဆေးပြီး စံ(၅)ချက်နှင့်ကိုက်ညီမှသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်သည့်အတွက် စာရင်းဖြည့်သွင်းမှုအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးလှသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများတွင် ဘင်္ဂါလီများအပြင် ဟိန္ဒူဘာသာဝင်များလည်း ပါဝင်သည်။ သံတမန်လမ်းကြောင်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့် နေရပ်စွန့်ခွာသူစာရင်းများကို လဝကရှိ ဆွဲ၊ တင်၊ စစ် မှတ်တမ်းများမှ စာရင်းများဖြင့် တိုက်ဆိုင်စိစစ်ရသည်။ ယင်းသို့ တိုက်ဆိုင်စိစစ်ရသည်က လွယ်လွယ်ကူကူတော့ မဟုတ်၊ ပေးပို့လာသော အိမ်ထောင်စုအလိုက် စာရင်းအချက်အလက်များသည် သတ်မှတ်ပုံစံတွင် ဖြည့်သွင်းပေးသည်ဆိုသော်လည်း နေရပ်စွန့်ခွာသူများကပြောကြားသည့် အသံထွက်အတိုင်း ရေးသွင်းသည့်အတွက် စိစစ်ရာ၌ အခက်အခဲများစွာရှိနေသည်။ စိစစ်ရေးပုံစံတွင် ဖြည့်သွင်းသည့် အမည်၊ နေရပ်လိပ်စာ၊ မိသားစုအချက်အလက်များအား မြန်မာနိုင်ငံရှိ အချက်အလက်၊ အိမ်ထောင်စုစာရင်းများနှင့် ကွဲလွဲမှုများရှိနေပြီး အတည်ပြုရန် ခက်ခဲလျက်ရှိသဖြင့် ပြန်လည်မေးမြန်းစုံစမ်းမှုများကြောင့် ကြန့်ကြာမှုများရှိနေသည်။ ယင်းကဲ့သို့ နှောင့်နှေးကြန့်ကြာမှုအပေါ် လုပ်ငန်းအတိမ်အနက်ကို မကြည့်ဘဲ မြန်မာဘက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ပူးပေါင်းဆောင်ရွက်ခြင်းမရှိသယောင် ပြစ်တင်ဝေဖန်နေသည့် နိုင်ငံတချို့ကလည်း ရှိနေသည်။

ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများစုနေထိုင်ရာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နယ်မြေများအတွင်း နှစ်စဉ်တစ်အိမ်တက်ဆင်းကောက်ယူခဲ့သည့် ဆွဲ၊ တင်၊ စစ် စာရင်းများအရ ၂၀၁၆၊ ၂၀၁၇ ခုနှစ် အကြမ်းဖက်ဖြစ်စဉ်များမဖြစ်ပွားမီ အိမ်ထောင်စုပေါင်း ရှစ်သောင်းကျော်၊ လူဦးရေအားဖြင့် ခုနစ်သိန်းကျော်ရှိနေသည်။ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီး နောက်ပိုင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သည့် ဆွဲ၊ တင်၊ စစ် စာရင်းများအရ အိမ်ထောင်စု နှစ်သောင်းကျော်၊ လူဦးရေ နှစ်သိန်းခန့် ကျန်ရှိနေခြင်းကြောင့် တစ်ဖက်နိုင်ငံသို့ အမှန်တကယ်ထွက်ခွာသွားသူစာရင်းမှာ အိမ်ထောင်စု ၅၆၀၀၀ ခန့်၊ လူဦးရေ ငါးသိန်းလေးသောင်းခန့်သာဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှပေးပို့လာသည့်စာရင်းမှာ မြန်မာနိုင်ငံဘက်က စိစစ်ထားသည်ထက် လူဦးရေ သုံးသိန်းခန့် ပိုမိုနေသည်။ ၎င်းတို့က အိမ်ထောင်စု နှစ်သိန်းနီးပါး၊ လူဦးရေ ရှစ်သိန်းကျော် စာရင်းပေးပို့လာသည်။ **မည်သည့်စာရင်းများ၊ မည်သည့်ကာလက ရှိနေသူများကို ထည့်သွင်းဖော်ပြထားသည်မသိ။ မိမိတို့ကတော့ စံသတ်မှတ်ချက်(၅)ချက်နှင့်အညီ စိစစ်လက်ခံမည်။** ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံတမန်နည်းလမ်းအရ အသီးသီးပေးပို့လာသည့်စာရင်းများကို မိမိတို့၌ရှိနှင့်ပြီးဖြစ်သည့် ဆွဲ၊ တင်၊ စစ် စာရင်းအချက်အလက်များအား နည်းပညာအသုံးပြု စိစစ်လျက်ရှိသည်။ ယင်းသို့စိစစ်ရာတွင် အိမ်ထောင်စု ၂၄၀၀၀ ကျော်၊ လူဦးရေ တစ်သိန်းကျော်ကို စိစစ်ပြီးဖြစ်ရာ လက်ရှိ


ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအတွက် ပြန်လည်လက်ခံရေးစခန်းများ၌ ဆောက်လုပ်ထားသောအဆောက်အအုံများ။

စိစစ်ပြီးအခြေအနေတွင် မြန်မာနိုင်ငံ၌ နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိသူ ၅၇၀၀၀ ခန့်၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အထောက်အထားမတွေ့ရှိသူ သုံးသောင်းခန့်ရှိပြီး တချို့မှာ အကြမ်းဖက်ဖြစ်စဉ်များတွင် ပါဝင်ခဲ့သူများလည်း စိစစ်တွေ့ရှိရသည်။ ယင်းစိစစ်တွေ့ရှိချက်စာရင်းများကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သံတမန်လမ်းကြောင်းက ပြန်လည်ပေးပို့ပြီးလည်းဖြစ်သည်။

**နယ်စပ်သံတံတား၏ မြန်မာဘက်ကမ်း၌ အသင့်စောင့်ကြို**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူပြီးသည့်နောက်ပိုင်း အဆင်ပြေပြေလက်ခံနိုင်ရေး၊ ပြန်လည်နေရာချထားနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပြန်လည်လက်ခံရေးစခန်း နှစ်ခု၊ ယာယီနေထိုင်ရေးစခန်းတစ်ခုကို အပူတပြင်းစီစဉ်ဆောင်ရွက်ခဲ့ပြီး ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများကိုလည်း ရုံးခန်းပစ္စည်းကိရိယာစုံလင်စွာဖြင့် ချက်ချင်းစုဖွဲ့စေလွှတ်ကာ တာဝန်ချထားခဲ့ ကြသည်။ ယင်းနောက် နှစ်နိုင်ငံညှိနှိုင်းချက်အရ ပြန်လည်လက်ခံရန် စိစစ်အတည်ပြုပြီးဖြစ်သူများကို ပထမဆုံးအကြိမ်ပြန်လည်လက်ခံရေးအတွက် သတ်မှတ်ရက်ဖြစ်သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာဘက်မှ ပြည်ထောင်စုဝန်ကြီးနှစ်ပါးဦးဆောင်ကာ တာဝန်ရှိသူများနှင့်အတူ တောင်ပြိုလက်ဝဲရှိ နှစ်နိုင်ငံနယ်စပ်သံတံတား၏ မြန်မာဘက်ကမ်း၌ အသင့်စောင့်ကြိုနေကြသည်။ ယင်းနေ့ မတိုင်မီရက်က အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ငါးခူရ၊ လှဖိုးခေါင်၊ တောင်ပြိုလက်ဝဲစခန်း သုံးခုစလုံးသို့ သွားရောက်၍ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အစစအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ထားရှိမှုကိုလည်း ကြည့်ရှုစစ်ဆေးပြီးဖြစ်သည်။

**နှစ်နိုင်ငံ နယ်စပ်သံတံတားထိပ်တွင် အချိန်အတော်ကြာစောင့်ဆိုင်းနေသော်လည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်ခြင်းမရှိသကဲ့သို့ မည်သည့်အကြောင်းပြန်ချက်မျှ မရရှိဘဲ ပထမဆုံးအကြိမ်ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်က အထမမြောက်ခဲ့ပါ။** မိမိကိုယ်တိုင်လည်း ယင်းသို့ကြိုလင့်စောင့်ဆိုင်းနေသည့်အဖွဲ့တွင် ပါဝင်နေသည့်အတွက် ပြည်ထောင်စုဝန်ကြီးတစ်ပါး ပြောကြားခဲ့သည့်စကားကို ကိုယ်တိုင်ကြားခဲ့ရသည်။ **“ဘယ်တတ်နိုင်ပါ့မလဲ၊ တို့က လက်ခံဖို့ အသင့်ဖြစ်ပေမယ့် သူတို့ဘက်ကမှ ပြန်မပို့တာ။”** ပြန်လည်လက်ခံရေး အထမမြောက်ဖြစ်ခဲ့သည့်အတွက် နှစ်နိုင်ငံ ပြန်လည်ညှိနှိုင်းခဲ့သော်လည်း တစ်ဖက်က အကြောင်းပြချက်အမျိုးမျိုးဖြင့် ရုပ်လုံးမပေါ်ခဲ့။ ဒုတိယအကြိမ်အဖြစ် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင်လည်း ပြန်လည်လက်ခံရေးလုပ်ငန်းစတင်ရန် ညှိနှိုင်းခဲ့ကြပြန်သော်လည်း အခြေအနေမပေးပြန်။ နှစ်ကြိမ်တိုင်ကြိုးပမ်းမှုတွင် မြန်မာဘက်က နှစ်နိုင်ငံ သဘောတူညီချက်များဖြင့် စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်ပြီးသား၊ နေရာချထားရန်လည်း ပြင်ဆင်ထားပြီးသားဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ချက်များကို နိုင်ငံပိုင်မီဒီယာများက ထုတ်လွှင့်ဖော်ပြခဲ့သော်လည်း ပြည်ပနိုင်ငံတချို့၊ ပြည်ပမီဒီယာတချို့မှာမူ မြန်မာဘက်က ဆောင်ရွက်ချက်များကို လျစ်လျူရှုမြဲ၊ တလွဲဖော်ပြဆဲဖြစ်သည်။

**Pilot Project ဖြင့် ပြန်လည်လက်ခံရေး ဆောင်ရွက်**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းအပြင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လုပ်ငန်းအဖွဲ့ပေါင်းများစွာ ဖွဲ့စည်းကာ စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုလည်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန်စိစစ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို နှစ်နိုင်ငံ အောက်ခြေလုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးဖြေရှင်းရန်အတွက် “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အထူးအဖွဲ့ (Ad Hoc Task Force for Verification of the Displaced Persons from Rakhine State)” ကို ဖွဲ့စည်းကာ ပြန်လည်လက်ခံရေးအတွက် စိစစ်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို နှစ်နိုင်ငံ အထူးအဖွဲ့များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ယင်းညှိနှိုင်းဆွေးနွေးမှုရလဒ်အရ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူ ၁၀၀၀ ကျော်ကို Pilot Project ဖြင့် ပြန်လည်လက်ခံရေးဆောင်ရွက်ရန် အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ ယင်းညှိနှိုင်းချက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးပို့သည့် အိမ်ထောင်စု စာရင်း အချက်အလက်များအနက် မြန်မာနိုင်ငံမှ လက်ခံရန် စိစစ်အတည်ပြုပြီးသူစာရင်းမှ Pilot Project ဖြင့် ပြန်လည်လက်ခံမည့်စာရင်းကိုပေးပို့ခဲ့ရာ၌ ယင်းစာရင်းမှ နောက်ဆက်တွဲမိသားစုဝင်စာရင်းကိုပါ လက်ခံရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပေးပို့ခဲ့သည်။ မြန်မာနိုင်ငံဘက်မှ Pilot Project ဖြင့် ပြန်လည်လက်ခံမည့်လုပ်ငန်းစဉ် မြန်ဆန်ဖြစ်မြောက် အောင်မြင်ရေးအတွက် နောက်ဆက်တွဲပေးပို့သည့် မိသားစုဝင်များအား မျက်မြင်ကိုယ်တွေ့ မေးမြန်းစိစစ်နိုင်ရေးအတွက် မျက်မြင်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးမည့်အဖွဲ့ဝင်များအား ပြီးခဲ့သည့် မတ်လ ၁၅ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်မြို့သို့ မောင်တောမှ တစ်ဆင့် စေလွှတ်ခဲ့သည်။ ယင်းမျက်မြင်စစ်ဆေးရေးအဖွဲ့က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနက် Pilot Project ဖြင့် ပြန်လည်လက်ခံရန် အတည်ပြုထားသူများ၏ မိသားစုဝင်များ ဟုတ်/မဟုတ် မျက်မြင်တွေ့ဆုံကာ မေးမြန်းစိစစ်အတည်ပြု ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည်လည်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို နှစ်နိုင်ငံသဘောတူညီချက်များဖြင့် ညှိနှိုင်းဆွေးနွေးမှုများအပေါ် မြန်မာနိုင်ငံက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေမှုများပင်ဖြစ်သည်။ မကြာမီ မျက်မြင်စစ်ဆေးရေးအဖွဲ့များ၏ မျက်မြင်ကိုယ်တွေ့မေးမြန်းစိစစ်ချက်များအရ ပြန်လည်လက်ခံရန် အတည်ပြုသူများအား ယခင်ပြန်လည်လက်ခံရန်အတည်ပြုထားသည့်စာရင်းများနှင့် ပေါင်းစပ်ကာ Pilot Project ဖြင့် ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတချို့နှင့် ပြည်ပမီဒီယာတချို့တို့၏ မျက်စိစုံမှိတ်ကာ အပြုသဘောမဆန်သည့် ဝေဖန်သုံးသပ်မှုများက တစ်ဖက်သတ်ဆန်လှသည်။ လက်ရှိ ပကတိလုပ်ရပ်အပေါ် ထောက်ရှုသုံးသပ်မှသာ မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုကို သိရှိနားလည်မည်ဖြစ်သည်။ သူတို့ပြောနေသည့် လူသားချင်းစာနာထောက်ထားမှုများကို အလေးထားလျှင်ပေါ့။

**အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြ**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများသည် အကြမ်းဖက်ဖြစ်စဉ် မဖြစ်ပွားမီကာလများက ၎င်းတို့ဒေသတွင် အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်ခဲ့ကြသည်။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာမတူညီကြသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် အတူတကွနေထိုင်လုပ်ကိုင်ကာ ရင်းနှီးခင်မင်စွာနေထိုင်ခဲ့ကြသည်။ ဒေသအာဏာပိုင်များကလည်း ဥပဒေနှင့်အညီ စီမံအုပ်ချုပ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း ရှေးယခင်ကတည်းက နှစ်ရှည်လများ နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးတချို့သည်ပင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ချက်အရ မြန်မာနိုင်ငံသားပင်ဖြစ်နေကြပြီဖြစ်သည်။ တချို့က နိုင်ငံသားပြုခွင့်ရသူများဖြစ်နေပြီ၊ တချို့မှာမူ အကြောင်းကြောင်းကြောင့် နိုင်ငံသားဖြစ်ရန် ဥပဒေနှင့်အညီ စိစစ်ရပေဦးမည်။

စာမျက်နှာ ၁၈ သို့ ✦

✦ စာမျက်နှာ ၁၇ မှ

ယင်းတို့အတွက် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးကာ ၁၉၈၂ ခုနှစ် ဥပဒေအရ မျိုးရိုးစဉ်ဆက် စိစစ်နေသူများလည်း ရှိသည်။ ပြန်လည်လက်ခံမည့်သူများအားလုံးကိုမူ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အချက်အလက်များ မေးမြန်းဖြည့်သွင်းပြီး နိုင်ငံသားဆိုင်ရာကတ် တစ်မျိုးမျိုး တင်ပြနိုင်သူ၊ ကတ်အမှတ်သိရှိသူများကို ပြန်လည်စိစစ်၍ နဂိုထုတ်ပေးသည့် ကတ် တစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးဆောင်ရွက်ပေးပြီး NV Card ထုတ်ပေးထားသူများကိုမူ နောက်ပိုင်းတွင် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ရန် စီစဉ်ထားပြီးလည်းဖြစ်သည်။

**ဘယ်တုန်းကမျှ မရှိဖူးသော လူမျိုးတစ်မျိုးအမည်ကို ဖန်တီးပုံဖော်**

မြန်မာနိုင်ငံသည် နိုင်ငံ၏ပထဝီအနေအထား အရ နိုင်ငံတကာမျက်စိကျစရာ မဟာဗျူဟာ အချက်အချာကျသည့်နိုင်ငံဖြစ်နေသည်။ နိုင်ငံတော် လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဘက်ဘက်က အလေးထားသုံးသပ်ဆောင်ရွက်မှ သာ တော်ကာကျမည်။ ဒွိတာဝန်အရေး (၃)သုံးပါးကို အပွန်းအပဲ့၊ အထိအခိုက်မခံနိုင်ပေ။ နိုင်ငံကြီး တချို့က မြန်မာနိုင်ငံတွင် ရှေးယခင်အစဉ်အဆက် ဘယ်တုန်းကမျှ မရှိဖူးသော လူမျိုးတစ်မျိုးအမည်ကို ဖန်တီးပုံဖော်ကြသည်။ အင်္ဂလိပ်လက်အောက် ကိုလိုနီဖြစ်စဉ်ကလည်း မြန်မာနိုင်ငံတွင် လူဦးရေ သန်းခေါင်စာရင်းကောက်ခဲ့သည်။ ရှေးမြန်မာမင်း များလက်ထက် ၁၈၇၂ ခုနှစ်မှစ၍ လွတ်လပ်ရေးမရမီ အထိ ရှစ်ကြိမ်ကောက်ခဲ့သည်။ အဆိုပါလူမျိုးအမည် မတွေ့ရှိခဲ့။ လွတ်လပ်ရေးရပြီး ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်စသည်ဖြင့် သုံးကြိမ်တိုင် လူဦးရေ သန်းခေါင်စာရင်းကောက်ခဲ့သည်။ ၎င်းတို့ ဖန်တီး ပုံဖော်သည့် လူမျိုးအမည်မတွေ့၊ အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်းမှ ပေါ်ပေါက်လာသည့် လူမျိုး အမည်ကို အသိအမှတ်မပြု၊ လက်ခံစရာအကြောင်း မရှိကြောင်းကို နိုင်ငံတော်အကြီးအကဲများက ကမ္ဘာ သိ အတိအလင်းကြေညာပြီးဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည် ကို မလိုလားဘဲ ၎င်းတို့ဩဇာခံဖြစ်ရေးကိုသာ ရည်ရွယ်ချက်ရှိရှိ ကြိုးပမ်းနေသည့်နိုင်ငံကြီးတချို့နှင့် အပေါင်းအပါနိုင်ငံတချို့မှာမူ ယင်းကဲ့သို့ လုပ်ကြံဖန်တီး ထားသည့်လူမျိုးအမည်ကို ထမင်းစားရေသောက် ထပ်တလဲလဲပုံဖော်နေကြသည်။ လူ့အခွင့်အရေးကို အကြောင်းပြကောင်းတုန်း၊ လူသားချင်းစာနာ ထောက်ထားမှုဆိုပြီး ထဲထဲဝင်ဝင်လက်ဝါးကြီးအုပ် ခြယ်လှယ်ချင်တုန်းဖြစ်သည်။ **ဤသို့ဆိုပါမူ ဘင်္ဂလား ဒေ့ရှ်နိုင်ငံရောက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူ များအား ၎င်းတို့၏နိုင်ငံအသီးသီးသို့ ခေါ်ဆောင်သွား ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အလုံးအရင်းပေး၍ ၎င်းတို့ခေါ်ဆိုချင်သည့် လူမျိုး အမည်မှည့်ခေါ်ကာ ၎င်းတို့နိုင်ငံသားအဖြစ် ကယ်တင် ထားလိုက်လျှင်ပိုကောင်းပေမည်။ထိထိရောက်ရောက် ကူညီကယ်တင်ပေးရာရောက်မည်ဟု ထင်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ် စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြန်လည်လက်ခံရေးမူ (၅)ချက်နှင့်အညီ စိစစ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် နှစ်နိုင်ငံ ညှိနှိုင်းကာ အကောင်းဆုံးအဖြေရှာ၊ အဆင်ပြေစွာ ဆောင်ရွက်နေသကဲ့သို့ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်ဖွဲ့စည်းကာ ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။ ဤသည်ကို မသိကျိုးကျွန်ပြု ပြည်ပမီဒီယာ တချို့က စွပ်စွဲပြစ်တင် ရေးသားဖော်ပြနေကြသည် က မီဒီယာကျင့်ဝတ်နှင့်မညီ၊ တစ်ဖက်သတ်ဆန်လှ သည်။ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ် စွန့်ခွာသူများ၏အရေးသည် နယ်နိမိတ်ချင်းထိစပ် နေသည့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်း နှစ်နိုင်ငံ၏ အရေးကိစ္စသာဖြစ်သည်။

**အာဆာ၏ အကျပ်ကိုင်ခြိမ်းခြောက်မှုများကြောင့် မဝံ့မရဲဖြစ်နေ**

မြန်မာနိုင်ငံဘက်ကမူ ဂုဏ်သိက္ခာရှိစွာ ပြန်လာမည့်သူများအတွက် အစစ အဆင်သင့် ဖြစ်နေပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိတ်ရင်း အမှန်ဖြင့် အမှန်တကယ်ပြန်ပို့ပေးလိုသည့် စိတ် စေတနာရှိနေပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သည် အမြန်အကောင်အထည်ပေါ်လာမည်ဖြစ်သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအနေဖြင့်လည်း နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုများဖြင့် ရပ်တည် ရှင်သန်နေကြပြီး ရေရှည်မဖြစ်နိုင်သည့်အတွက် ပြန်လာချင်ကြကြောင်းကိုလည်း ကြားသိနေရသည်။ သို့သော် အာဆာ၏ အကျပ်ကိုင်ခြိမ်းခြောက်မှုများ ကြောင့် မဝံ့မရဲဖြစ်နေသကဲ့သို့ သတင်းမှားများကြောင့် လည်း ပြန်လာရန်အတွက် စိုးရိမ်ပူပန်နေကြသည်။ ၎င်းတို့၏စိတ်ခံစားချက်၊ စိုးရိမ်ပူပန်မှုများကို မြန်မာ နိုင်ငံ၏ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင် ထားရှိမှု ပကတိအရှိတရား၊ အမှန်စကားများ အသိ ပေးရှင်းလင်းချပြခြင်းဖြင့် ဖျောက်ဖျက်ပစ်ရန်လိုအပ် သည်။ ၎င်းတို့ပြန်လာနိုင်ရေးအတွက် လုံခြုံစိတ်ချ သောအစီအမံများ ဆောင်ရွက်ပေးရန်လည်းလိုသည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ဂုဏ်သိက္ခာရှိစွာ အမှန်တကယ်ပြန်လာစေလိုလျှင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံကြီး တချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အပြု သဘောဆောင်သည့် လူသားချင်းစာနာထောက်ထား မှုအကူအညီများ ပေးကြရန်သာဖြစ်သည်။ သို့သော် လည်း အပြုသဘောမဆောင်သော သတင်းမှားများ ဖြန့်ဝေခြင်း၊ မမှန်မကန် လုပ်ကြံတိုက်တွန်းပြောဆို ခြင်းများကြောင့် **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူ များအား မြန်မာနိုင်ငံမှ ပြန်လည်လက်ခံရေးလုပ်ငန်း အတွက် ကမ်းသောလက်တွေ ညောင်းလှပါပြီ။** ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၂၉၅ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၅ | ၂၃၈၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၇၀ | ၂၈၁၀ |
| 95 Ron | ၂၃၁၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၂၅ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၆၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၈ | ၂၂၁၄ |
| 95 Ron | ၂၂၀၂ | ၂၂၈၀ |
| HSD (500 ppm) | ၂၀၄၂ | ၂၁၁၃ |
| HSD (50 ppm) | ၂၁၁၆ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၆ | ၂၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာအသင်းယှဉ်ပြိုင်မည့် ဆီးဂိမ်းဘော်လီဘောပြိုင်ပွဲ အုပ်စုမဲခွဲ

ရန်ကုန် ဧပြီ ၆

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ၃၂ ကြိမ်မြောက် ဆီးဂိမ်းဘော်လီဘောပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဧပြီ ၅ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ပြုလုပ်သည်။

ဆီးဂိမ်းဘော်လီဘော အားကစားနည်းတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံးပါဝင်မည်ဖြစ်ပြီး မြန်မာအသင်းသည် ပြိုင်ပွဲ နှစ်ခုစလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ခုနစ်သင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရှစ်သင်းယှဉ်ပြိုင်မည် ဖြစ်ပြီး အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

မြန်မာဘော်လီဘော အမျိုးသားအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ပုံမှန်အတိုင်း ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အမျိုးသမီးအသင်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အမျိုးသားပြိုင်ပွဲအုပ်စု (က) တွင် လက်ရှိချန်ပီယံ အင်ဒိုနီးရှား၊ အိမ်ရှင်ကမ္ဘောဒီးယား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့်မြန်မာ၊ အမျိုးသမီး ပြိုင်ပွဲအုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

ဆီးဂိမ်းဘော်လီဘောပြိုင်ပွဲကို ဧပြီ ၃ ရက်မှ ၁၆ ရက်အထိ ကျင်းပ သွားမည်ဖြစ်သည်။

**ကိုညီလေး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | တည်နေရာ |
|---|---|---|
| Lot-1 | နွားရုံ (100' x 46' x 12') Steel Structure (သွပ်မိုး၊ သံပိုက်တန်း အကာ၊ ကွန်ကရစ်ခင်း၊ ရေမီးအပါအဝင်) | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |
| Lot-2 | ကြက်၊ ဘဲသားသတ်ရုံ (65' x 35' x 12') Steel Structure (သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ ရေမီးအပါအဝင်) | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |
| Lot-3 | ဥစားဘဲ၊ အသားစားဘဲရုံ (120' x 30' x 14') Steel Structure (သွပ်မိုး၊ ကွန်ကရစ်ခင်း၊ သံဆန်ခါအကာ၊ ရေမီးအပါအဝင်) (၂)လုံး | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |
| Lot-4 | ဥဖောက်စက်ထားရန် အဆောက်အဦ (60' x 60' x 15') RC (၁)ထပ် (သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရေမီးအပါအဝင်) | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၈-၄-၂၀၂၃ ရက် (အင်္ဂါနေ့)
၃။ တင်ဒါပိတ်သိမ်းမည့်ရက် - ၂-၅-၂၀၂၃ ရက် (အင်္ဂါနေ့)
၄။ တင်ဒါပိတ်သိမ်းမည့်အချိန် - ၂-၅-၂၀၂၃ ရက် (၁၆:၃၀)နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - ရုံးအမှတ်(၃၆)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
6။ တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၆)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
၇။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်မှုဌာနစု၊ အုပ်ချုပ်မှုဌာနစိတ် ဖုန်းအမှတ်၊ ၀၆၇-၃၄၀၈၂၉၉၊ ၀၉-၅၁၈၀၁၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-၂၆၀)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဦးသောင်းစိန် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခိုင်ပပချစ် (ဘ) ဦးချစ်တင်[၉/မရမ(နိုင်)၀၁၈၁၂၅] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၁)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ အကျယ်အဝန်းပေ(၁၈x၅၄)ရှိ ဒုတိယထပ်၊ (B-3) (၃-လွှာ) တိုက်ခန်းသည် ဒေါ်စန်းနု[၁၂/သကတ(နိုင်)၀၇၄၄၉၂]မှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိတရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး၊ ၎င်းမှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုးသီတာ[၁၂/လသန(ဧည့်)၀၀၁၇၈၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မိုးသီတာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရ (LL.B, D.B.L.,D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၅၃)**
**ဦးကျော်ခိုင်ဝင်း (LL.B) WIPO(Switzerland)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၄၀၈၄၇၄၇၀၀၊ ၀၉-၄၃၁၄၁၉၁၀**

## အိမ်အမှတ်-၆၊ မအူကုန်းလမ်းကျယ်၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃-စီ၅၊ မြေအတန်းအစား V Class ၊ မြေကွက်အမှတ်-၅၊ ဧရိယာ(၀.၀၂၈)ဧက၊ (၂၅'x၅၀')ရှိ ဒေါ်လှရီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ အရပ်ရပ်အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများနှင့်အများသိစေရန် သတိပေးကြေညာချက်

(၁) ဦးငွေလှိုင် [၁၂/တမန (နိုင်) ၀၆၅၇၈၁] နှင့် (၂) ဦးခင်မောင်စိုး [၁၀/မလမ (နိုင်) ၂၄၄၄၇၁] တို့၏လွှဲအပ်ညွှန်ကြားချက်အရ -

အထက်အမည်ပါ ကျွန်ုပ်တို့၏မိတ်ဆွေနှစ်ဦးသည် အထက်ခေါင်းစဉ်ပါ မြေ/အဆောက်အဦနှင့်အရပ်ရပ်အကျိုးခံစားခွင့်များကို မြေဂရန်အမည်ပေါက်ပိုင်ရှင် (ဒေါ်လှရီ) [၁၂/တမန (နိုင်)၀၈၇၇၈၄]နှင့် ခင်ပွန်း (ဦးအော်လီဘာ) တို့၏ သား/သမီး/မြေးများဖြစ်ကြသော (၁) ဒေါ်ရင်မေ၊ (၂) ဦးအောင်ကြီး၊ (၃) ဦးအောင်ငွေဝင်း၊ (၄) ဒေါ်ခင်စန်းတင့်၊ (၅) ဦးတင့်အောင်၊ (၆) ဦးသန်းအောင်၊ (၇) ဦးသိန်းအောင်၊ (၈) ဒေါ်စန်းစန်းလှ၊ (၉) ဦးထွန်းလှ၊ (၁၀) ဦးအောင်ထွန်း၊ (၁၁) ဦးမျိုးမင်းထွန်း၊ (၁၂) ဒေါ်သီတာခိုင်၊ (၁၃) ဒေါ်မေသင်းခိုင်---တို့ထံမှ (၃၁-၁-၂၀၂၃) နေ့စွဲပါ "နှစ် (၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦကို အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် (စရန်ငွေ) ပေးချေခြင်း သဘောတူကတိစာချုပ်"အရ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ကတိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြပါသည်။ ကတိစာချုပ်ပါစည်းကမ်းချက်နှင့်အညီ ဝယ်သူများဘက်မှ အရောင်းအဝယ်ပြုလုပ်သည့် အိမ်/မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကို (၄-၂-၂၀၂၃) နေ့ထုတ် နေ့စဉ်သတင်းစာတွင် (၁၄) ရက်အချိန်ပေး၍ ရှေ့နေမှတစ်ဆင့် ကြေညာခဲ့ရာ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိခဲ့ပါ။

သဘောတူကတိစာချုပ်အပိုဒ်-၁၀ (က) နှင့် (ခ) တို့အရ ရောင်းသူများဘက်မှ တရားရုံးဆိုင်ရာတာဝန်ခံမိတ္တူမှန်များကို ထုတ်ယူပေးထားရမည်ဖြစ်ပြီး ဝယ်သူများဘက်မှလည်း သတင်းစာကြေညာရက်ပြည့်သည့်အချိန်အထိ ကန့်ကွက်သူမရှိပါက (၃၁-၃-၂၀၂၃) ရက်နေ့တွင် (ဒုတိယအရစ်)အဖြစ် ငွေကျပ် ၈၀,၀၀၀,၀၀၀/- (ကျပ်သိန်းရှစ်ရာတိတိ)ကို တစ်လုံးတစ်ခဲတည်းပေးချေရန်ဖြစ်ပါသည်။ ရောင်းသူများဘက်မှလည်း ၎င်းရက်နေ့ (၃၁-၃-၂၀၂၃) ၌ တရားရုံးဆိုင်ရာ တာဝန်ခံမိတ္တူမှန်များကို ဝယ်သူများလက်ဝယ်သို့ အပ်နှံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဝယ်သူများအနေနှင့် (၃၁-၃-၂၀၂၃) ရက်တွင် (ဒုတိယအရစ်)အဖြစ် ပေးချေရမည့်ငွေကျပ် ၈၀,၀၀၀,၀၀၀/- (ကျပ်သိန်းရှစ်ရာတိတိ) ကို ရေတွက်ထုပ်ပိုး၍ ပေးချေရန်အသင့်ရှိကြောင်း ရောင်းသူများဘက်သို့ ဆက်သွယ်အကြောင်းကြားခဲ့ပါသည်။ သို့သော် ထိုနေ့ရက်၌ ရောင်းသူများဘက်က တရားရုံးဆိုင်ရာတာဝန်ခံမိတ္တူမှန်များကို ဝယ်သူများလက်ဝယ်သို့ အပ်နှံခြင်းမရှိပါ။ ထုတ်ယူရရှိပြီးခြင်း ရှိ/မရှိလည်း မသိရပါ။

သဘောတူကတိစာချုပ်အပိုဒ်-၁၀ (ခ) အရ ရောင်းသူများအနေနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် ငွေပေးချေခြင်းကိုလည်း ရွှေ့ဆိုင်းထားနေကြရပါသည်။

သို့ဖြစ်ပါ၍ ဝယ်ယူသူ ကျွန်ုပ်တို့၏မိတ်ဆွေနှစ်ဦးအနေနှင့် သဘောတူချုပ်ဆိုထားသည့် ကတိပဋိညာဉ်အတိုင်း အထမြောက်အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒအာသီသအပြည့်ရှိပြီး အသင့်ရှိပါကြောင်းနှင့် ရောင်းသူများဘက်အနေနှင့် သဘောတူကတိစာချုပ်ပါစည်းကမ်းချက်များအတိုင်း အမြန်ဆုံးဆောလျင်စွာ အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် သတိပေးနှိုးဆော်တောင်းဆိုလိုက်ပါသည်။

အဆိုပါအိမ်ခြံမြေအကျိုးခံစားခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထပ်ဆင့်ရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ဥပဒေနှင့်ဆန့်ကျင်၊ လွှဲပြောင်းမှုပေါ်ပေါက်ပါက တာဝန်ရှိသူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဉ်-၂၃၀၂) | ဦးစိုးဝင်း (မအူပင်) (စဉ်-၄၁၇၈) | ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈) |
|---|---|---|
| B.A(Law), LL.B, D.B.L, D.M.L | B.A, H.G.P, R.L | LL.B, D.B.L, D.M.L, D.I.L |
| 09-5108521 | 09-5169518 | 09-5015316 |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့် တိရစ္ဆာန်အစာ နွားစာနု-စပ်စာ(တန်)နှင့် တိရစ္ဆာန်သုံးဆေးဝါး (၁၃)မျိုးတွဲပါကင်များ၊ ငွေလုံးငွေရင်း(အခြား)ခွင့်ပြုရန်ပုံငွေခေါင်းစဉ်အောက်မှ ကျွဲ၊ နွားများအမှတ်အသားပြုခြင်းလုပ်ငန်းအတွက် Micro Chip Ear Tag များ၊ ကျွဲ၊ နွားခွာနာလျှာနာကာကွယ်ဆေး(FMD) (Trivalent) (၁)မျိုး၊ ခွေးရူးရောဂါ ကာကွယ်ဆေး"Rabies Vaccine" (၁) မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာ(၁၆)မျိုးတို့အား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၂၁-၄-၂၀၂၃) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၅-၅-၂၀၂၃)ရက်တွင် တင်ဒါပုံစံများကိုပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၈၁၇၇ နှင့် ၀၉-၇၇၃၄၇၇၈၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ(၃၉)မျိုး၊ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာ(၃၁)မျိုး၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၁၀)မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း(၃)မျိုး၊ ပြည်ပအထောက်အပံ့(မဲခေါင်-လန်ချန်း) အစီအစဉ်ဖြင့် ဝယ်ယူမည့် ရုံးသုံးစက်ပစ္စည်းကိရိယာ(၂)မျိုးတို့အား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၂၀-၄-၂၀၂၃) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၄-၅-၂၀၂၃) ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၈၁၇၇ နှင့် ၀၉-၇၇၃၄၇၇၈၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၅၃-ရပ်ကွက်၊ လော်ကားလမ်း၊ အမှတ်-၁၀၉၈ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ်-၁၀၉၈၊ ဧရိယာ(၀.၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးစိုးညွန့် [၃/ဘအန(နိုင်)၁၁၇၈၇၈] (၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၂၀၇၂၅/၂၀၂၂(၄-၁၁-၂၀၂၂)ရရှိသူ ဦးဇော်နောင်ဦး[၁၂/ဒဂတ(နိုင်)၀၄၆၁၆၆])က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး** — **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃)**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေး (တောင်)၊ မြေကွက်အမှတ်(၆၈/က)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ (၁၂၀၀) စတုရန်းပေ၊ ဧရိယာ(၀.၀၂၇၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သံသုမာလမ်းနှင့် နီလာလမ်းထောင့်၊ အမှတ် (၆၈/က) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ယစ်မျိုးလိုင်စင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဆန်း[၁၂/သဃက(နိုင်)၁၂၆၈၆၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အမည်ပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၉၇၅၀၂၁၈၄၁**

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း) တို့အတွက် ဆေးဝါးကုန်ကြမ်းနှင့် ထုပ်ပိုးခွံများ၊ စက်နှင့်စက်အရန်ပစ္စည်းများအား ရန်ကုန်ဆိပ်ကမ်းများမှ သက်ဆိုင်ရာစက်ရုံများသို့ ပို့ဆောင်ရန် ကုန်သေတ္တာတင်ယာဉ် ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၇-၄-၂၀၂၃
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၅-၂၀၂၃၊ (၁၆:၀၀)နာရီ
၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်းနံပါတ်-၀၆၇-၃၄၀၈၂၇၆**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်
## (၁/၂၀၂၃-၂၀၂၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။
၂။ တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် - (၂၅-၄-၂၀၂၃) ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ
၃။ တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - (၁၀-၅-၂၀၂၃) ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀ နာရီ
၄။ တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - (၁၂-၅-၂၀၂၃) ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ
၅။ တင်ဒါတင်သွင်း၊စိစစ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့
၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်းရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည် -

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ကော့သောင်းခရိုင်**
**ဖုန်း-၀၅၉-၅၁၀၁၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃)
## (၁/၂၀၂၃-၂၀၂၄)
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ဖောင်ဆိပ်တံတား၊ အရှေ့မော်တုန်း-အနောက်မော်တုန်းတံတား၊ လင်းနို့ချောင်းတံတား၊ ထိန်ချောင်းတံတား၊ ဝဇွမ်းချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် (မြန်မာကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင် ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ဝယ်ယူလိုသည့်ပစ္စည်းများ - Cement, R/Sand, Chipping, J/Wood, H.S.D 10 mm thk; M.S Plate, Ready Mixed Conc;
(ခ) သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း - M.S Rod သယ်ပို့ခြင်း
၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၁၈-၄-၂၀၂၃)ရက် (အင်္ဂါနေ့)
၃။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၈-၅-၂၀၂၃)ရက် (တနင်္လာနေ့)၊ မွန်းတည့် (၁၂:၀၀)နာရီ
၄။ တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - (၉-၅-၂၀၂၃)ရက်(အင်္ဂါနေ့)၊ မွန်းလွဲ (၁:၀၀)နာရီ
၅။ တင်ဒါဖွင့်လှစ်မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့။
၆။ တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းများ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ (ဖုန်း-၀၉-၂၅၇၆၀၂၉၇၈၊ ၀၉-၇၈၃၁၇၃၅၄၃၊ ၀၉-၄၂၂၁၉၉၄၉၅၊ ၀၅၉-၂၀၄၂၀၁၄)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁ / ၂၀၂၃-၂၀၂၄)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် –

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-001(23-24) | 2 7/8'' and 2 3/8'' EUE Tubing (2) Items | Ks |
| (၂) | DMP/L-002(23-24) | Insert Pump and Accessories (7) Items | Ks |
| (၃) | DMP/L-003(23-24) | Accessories for Gas Control and Metering System (41) Items | Ks |
| (၄) | DMP/L-004(23-24) | Electrical Materials for Chauk Oil Field (28) Items | Ks |
| (၅) | DMP/L-005(23-24) | Electrical Materials for ZJ 70L Sr II Drilling Rig (13) Items | Ks |
| (၆) | DMP/L-006(23-24) | Electrical Materials for ZJ 50D Sr II Drilling Rig Ex Pyolo (62) Items | Ks |
| (၇) | DMP/L-007(23-24) | Assorted Sizes of API 5L Steel Line Pipe (2) Items | Ks |
| (၈) | DMP/L-008(23-24) | Assorted Kinds of Shaker Screen for Drilling Rig (4) Groups | Ks |
| (၉) | DMP/L-009(23-24) | Spares for 3NB 1300C Mud Pump Ex ZJ 50D Drilling Rig (10) Items | Ks |
| (၁၀) | DMP/L-010(23-24) | 4'',6'' and 8'' ERW API 5L, Grade X-42, 3LPE Coated Steel Line Pipe (3) Items | Ks |
| (၁၁) | DMP/L-011(23-24) | Assorted Sizes of Seamless Steel Casing (3) Items | Ks |
| (၁၂) | DMP/L-012(23-24) | Assorted Sizes of Rock Bits and PDC Bits (9) Items | Ks |
| (၁၃) | DMP/L-013(23-24) | 5'' Drill Pipe (4000) Meter | Ks |
| (၁၄) | DMP/L-014(23-24) | Spares for Caterpillar 3412 Generating Set Gas Engine (31) Items | Ks |
| (၁၅) | DMP/L-015(23-24) | Spares for KB-150 Well Servicing Truck (34) Items | Ks |
| (၁၆) | DMP/L-016(23-24) | Spares for Caterpillar 3512 Engine Ex ZJ 70L Drilling Rig (7) Items | Ks |
| (၁၇) | DMP/L-017(23-24) | Mud Chemical (7) Items | Ks |
| (၁၈) | DMP/L-018(23-24) | 1500 Series Well Head Equipment & Christmas Tree Equipment (2) Sets | Ks |
| (၁၉) | DMP/L-019(23-24) | Annual Inspection and Spare Requirement for Pipe Line Center Daw Nyein (1) Lot | Ks |
| (၂၀) | DMP/L-020(23-24) | Annual Inspection and Spare Requirement for Ywama (GDS) (1) Lot | Ks |
| (၂၁) | DMP/L-021(23-24) | Rotary Table (1) No | Ks |
| (၂၂) | DMP/L-022(23-24) | Powerful In-Situ Machine with Mirage Portable Machine Complete Set (1) Set | Ks |
| (၂၃) | DMP/L-023(23-24) | Spare Parts for Intermech Compressor (1) Lot | Ks |
| (၂၄) | DMP/L-024(23-24) | 510 KW Gas Engine Generator Complete Set (1) No | Ks |
| (၂၅) | DMP/L-025(23-24) | Spare Parts for Caterpillar Gas Engine (G 3508) And Perkins Gas Engine (TESI 4012) (1) Set | Ks |
| (၂၆) | DMP/L-026(23-24) | Gear Box Assy for Marine Engine (410-420)KW (2) Units | Ks |
| (၂၇) | DMP/L-027(23-24) | 500 KVA, 1000 KVA & 2000 KVA Transformer (4) Items | Ks |
| (၂၈) | DMP/L-028(23-24) | 315 KVA Transformer (4) Items | Ks |
| (၂၉) | DMP/L-029(23-24) | 12 KV 630 A Vaccum Circuit Breaker (VCB) Switch Gear Panel Complete Set with Control & Power Bank (4 Panel Unit) (1) Set | Ks Ks |
| (၃၀) | DMP/L-030(23-24) | SJS Serva Single Pump Cementing Unit (1) Set | Ks |
| (၃၁) | DMP/L-031(23-24) | Steam Boiler Capacity (1-1.5 Ton) (1) Set | Ks |
| (၃၂) | DMP/L-032(23-24) | Welding Machine with Accessories Mobile Type (Engine Driven) 400 AMP (1) Set | Ks |
| (၃၃) | DMP/L-033(23-24) | 20'' L SAW API 5L, Grade X46 , 3LPE Coated Steel Line Pipe (9,354.1) Meter | Ks |
| (၃၄) | DMP/L-034(23-24) | 14'',6'' & 4'' ERW API 5L, Grade X-46, 3LPE Coated Steel Line Pipe (3) Items | Ks |
| (၃၅) | DMP/L-035(23-24) | National Oil and Gas Information Center Phase-3 at NPT Office-44 (Device & Installation) (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၆-၄-၂၀၂၃** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၈-၄-၂၀၂၃ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ တိုက်အမှတ် (၉၉၉၉) ဟုခေါ်တွင်သော တိုက်၏အခန်းအမှတ် (၁၇)၊ ၄လွှာ-(တိုက်ကိုမျက်နှာမူလျှင်ဘယ်ခြမ်း)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ) ခန့်ရှိ RCတိုက်ခန်း။**

အထက်ဖော်ပြပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှမြင့် [၇/သဝတ(နိုင်)၀၀၉၇၀၇]က တရားဝင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားရှိခြင်း၊ အမည် ပြောင်းခြင်း၊ အခြားနည်းဖြင့်အသုံးပြုခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ-**

| ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဒေါ်ဖြူဖြူထွဏ်း(အထက်တန်းရှေ့နေ) |
|---|---|---|
| (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၃၂၁၅၆) |

**Zaluckpwint Real Estate& Law Firm 2013@gmail.com**
**စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုပေးသည်။ Ph-(09 5018076)**
**တိုက်အမှတ်(၂၄၇)၊ မြေညီထပ်၊ တပင်ရွှေထီးလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သူငွေးရေအားလျှပ်စစ်စီမံကိန်းနှင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတို့တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

**သူငွေးရေအားလျှပ်စစ်စီမံကိန်း**

(က) River Bed Material (၁၅၀,၀၀၀ ကျင်း) အား ဌာနစုပုံကွင်းအရောက်စုဆောင်းခြင်း (တူး၊ တင်၊ သယ်၊ စုပုံခြင်းလုပ်ငန်း) (Tender No.01/ DHPI (P&W)/ 2023-2024)

(ခ) ရေပိုလွှဲမြောင်း/ ကျောက်သား (၁၇၀,၀၀၀ ကျင်း) တူးဖော်ခြင်းလုပ်ငန်း (Tender No.02/DHPI(P&W)/2023-2024)

(ဂ) ပင်မတမံအုတ်မြစ်ပြုပြင်ရန် စိန်လွန်တွင်း (၂၀,၀၀၀ ပေ) တူးဖော်ခြင်း နှင့် ဘိလပ်မြေ (၂၀,၀၀၀ ပေ) ဖိသွင်းခြင်းလုပ်ငန်း (ရေစိမ့်နှုန်းတိုင်းတာခြင်းအပါအဝင်) (Tender No.03/ DHPI(P&W)/2023-2024)

(ဃ) တမံဖို့ကျောက်ကြီး(၁၇၁,၀၀၀ကျင်း)လုပ်ငန်းခွင်အရောက် ထုတ်လုပ်စုဆောင်းခြင်းလုပ်ငန်း (Tender No.04/DHPI (P&W)/2023-2024)

**အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း**

(င) ကျောက်ကြီး (150mm ~1000mm) အရွယ်စုံ (၄၄,၀၀၀ ကျင်း) လုပ်ငန်းခွင်အရောက် ထုတ်လုပ်စုဆောင်းခြင်းလုပ်ငန်း (Tender No.05/DHPI(P&W)/2023-2024)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များဝတ်ဆင်၍ လာရောက် ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် –

| | | |
|---|---|---|
| တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | - | ( ၆ - ၄ - ၂၀၂၃) ရက်မှ (၂၄- ၄ - ၂၀၂၃) ရက်နေ့ထိ |
| တင်ဒါပုံစံ ရောင်းချမည့်အချိန် | - | ရုံးဖွင့်ရက်(၁၃:၀၀) နာရီမှ (၁၅:၀၀ )နာရီအတွင်း |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | - | ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော် |
| တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ | - | အမှတ်စဉ် (၁)(က)ပါ လုပ်ငန်းအတွက် (၈-၅-၂၀၂၃) ရက်၊ (၁၃:၀၀)နာရီ<br>အမှတ်စဉ် (၁)(ခ)ပါ လုပ်ငန်းအတွက် (၈-၅-၂၀၂၃) ရက်၊ (၁၃:၃၀)နာရီ<br>အမှတ်စဉ် (၁)(ဂ)ပါ လုပ်ငန်းအတွက် (၈-၅-၂၀၂၃) ရက်၊ (၁၄:၀၀)နာရီ<br>အမှတ်စဉ် (၁)(ဃ)ပါ လုပ်ငန်းအတွက် (၈-၅-၂၀၂၃) ရက်၊ (၁၄:၃၀)နာရီ<br>အမှတ်စဉ် (၁)(င)ပါ လုပ်ငန်းအတွက် (၈- ၅-၂၀၂၃) ရက်၊ (၁၅:၀၀)နာရီ<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ (ရုံးအမှတ်-၂၇)၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော်။ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moep. gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်( ၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ မြေကွက်အမှတ် (၉၅၉)၊ (၁၃၁) ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၉၅၉)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ ၂၄၀၀ စတုရန်းပေ အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ဆွေဦး [၁၂/လမန(နိုင်) ၁၁၄၀၉၅] အမည်ပေါက်သော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်၊ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလင်းအောင် [၁၂/မရက(နိုင်)၀၀၂၄၅၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြူ [၅/အရတ(နိုင်)၁၃၄၉၅၆] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်အား လက်ရောက်ရယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဒေါ်အိဖြူ** | **ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)** |
| **[၅/အရတ(နိုင်)၁၃၄၉၅၆]** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |
| | **အမှတ်(၃၁-အေ)၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၀၁၈၆၃၈၈** |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော လူနာတင်ယာဉ် **(Ambulance)** များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် **-2DMS/ 2023-2024 (L)** အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ- စတင်ရောင်းချမည့်ရက် | | ၇-၄-၂၀၂၃ ရက် (သောကြာနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့် အချိန် | - | ၂၈-၄-၂၀၂၃ ရက် မွန်းတည့် (၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် **-1DMS/2023-2024 (L)** အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ- စတင်ရောင်းချမည့်ရက် | | ၇-၄-၂၀၂၃ ရက် (သောကြာနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့် အချိန် | - | ၂၈-၄-၂၀၂၃ ရက် မွန်းတည့် (၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်း ၂၂ )
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၃၉၆ နှင့် ဆက်သွယ်သည့်
## ၂၀၂၃ ခုနှစ် ၊ တရားမဇာရီမှုအမှတ် – ၁၇

| | | |
|---|---|---|
| ဧရာဝတီဘဏ်လီမိတက် (၎င်းကိုယ်စားပြုသူဘဏ်ခွဲမန်နေဂျာ ဒေါ်ခိုင်မီမီမောင်) | နှင့် | ၁။ ဒေါ်လဲ့လဲ့ဝင်း<br>၂။ ဦးသူရလွင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ၊ (၄)ရပ်ကွက် ၊ သစ္စာလမ်း၊ ပထမထပ်(ဘီ) အမှတ် ( ၂၁/က ) ရပ်နေ(၁)တရားရှုံး ဒေါ်လဲ့လဲ့ဝင်း နှင့် (၂)တရားရှုံး ဦးသူရလွင် (ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည် ။**

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉၆ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည် ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခု ရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ် ဧပြီလ ၂၇ ရက်** (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်) နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၃ ခုနှစ် ၊ မတ်လ ၃၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၇)၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ(၄)လမ်း၊ အမှတ်(၂၁၈/ခ)၊ ဦးတင်အေးပါမစ်အမည်ပေါက် အကျယ်အဝန်းပေ(အလျား၂၀x အနံ၆၀)ပေထဲမှ (အလျား၁၀x အနံ၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူ ဦးစိန်မြင့် [၁၄/မအပ(နိုင်)၀၆၂၄၈၂]မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းခိုင် [၁၄/ဘကလ(နိုင်)၃၅၇၆၆၄] အား ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်စန်းခိုင်မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများ မရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၄၃၃ )**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၄၃၁၅၆၄၆၄၅**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ အဆောက်အဦများကို တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) ကမာရွတ်မြို့နယ်၊ (၇) ရပ်ကွက်၊ ဗဟိုလမ်းနှင့်ဟံသာဝတီလမ်းထောင့်ရှိ အဆောက်အဦ၊

( ခ) ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ အဆောက်အဦများ (တိုင်ထောင်အမိုးပါအဆောက်အဦ(Open Shed)၊ တစ်ထပ်အဆောက်အဦ၊ (၅)ခန်းတွဲ အများသုံးသန့်စင်ခန်း)နှင့် ယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်း၊

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့တော်ခန်းမ)ရှိ ဒုတိယထပ် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်–

| | |
|---|---|
| တင်ဒါရောင်းချမည့်ရက် | – ၆–၄–၂၀၂၃ (ကြာသပတေးနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | – ၂၄–၄–၂၀၂၃ (တနင်္လာနေ့) (၁၃:၀၀နာရီ) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် | – ၂၆–၄–၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀နာရီ) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဈိုတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာခေါ်ယူခြင်း

၁။ **GRGI Company Limited** မှရန်ကုန်နှင့်မန္တလေးစက်ရုံများတွင်တည်ဆောက်တပ်ဆင်မည့်အောက်ပါလုပ်ငန်းများအတွက်ဈိုတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို ခေါ်ယူလိုပါသည် –

(1) Fire Sprinkler Installation (YGN Compound)

(2) Firefighting Piping Installation (YGN Compound)

(3) Fixed Foam and Open Sprinkler System Installation (YGN and MDY Compounds)

အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် 09-792235707 နှင့် 09-455346073 သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၂။ အထက်ပါတို့အတွက်ဈိုတ်ပိတ်ဈေးနှုန်းတင်သွင်းလွှာများကို Detail Specifications များနှင့်တကွ Chief Finance Officer ၊ အမှတ်(၃၃)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှတဆင့်သော်လည်းကောင်း အောက်ဖော်ပြပါ သက်ဆိုင်ရာ နေ့ရက်များတွင် နောက်ဆုံးထား၍ပေးပို့နိုင်ပါသည် –

(1) Items (1 & 2) ကို (၃ - ၅ - ၂၀၂၃) ရက်နေ့ နှင့်

(2) Item (3) ကို (၁၅ - ၅ - ၂၀၂၃) ရက်နေ့ နောက်ဆုံး ထား၍ပေးပို့နိုင်ပါ သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၂၅၃/၂၈၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Royal Success M&S Condominium ၊ (၁၂) ထပ်ခွဲတိုက်၏ (၄) လွှာ၊ အခန်းအမှတ် (A–003)၊ အကျယ်အဝန်း ( ၃၄.၅ ပေ x ၆၀ ပေ ) ရှိ ရေ၊ မီး၊ ဆေး၊ ကားပါကင်အစုံအလင်ပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ကြူကြူဝေ [၁၀/ခဆန(နိုင်)၀၀၄၉၉၃]၊ ဒေါ်အေးအေးစိုး [၁၂/ဗတထ (နိုင်) ၀၄၀၆၁၄]၊ ဦးရဲမင်းဦး [၁၂/ဗတထ (နိုင်) ၀၄၀၆၁၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဥ်–၃၆၉၃၃)**

**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၃၀၆၉၈၃၆၊ ၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ သုခလမ်း၊ မြေကွက်အမှတ် (၂၁၅)၊မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ) ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမောင်နီ[၁၂/မဂတ(နိုင်) ၁၄၅၈၃၅]**အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးမျိုးခိုင် [၁၂/ဗဟန (နိုင်)၀၇၇၂၃၆]**သည် **နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်**များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီး အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၁၄၀၆)**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း – ၀၉–၄၃၁၁၄၆၅၄၊ ၀၉ – ၇၉၅၆၀၁၈၆၁၊ ၀၉–၇၉၆၃၀၈၀၁၂၁**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၃–၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်အရန်ပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို **(မြန်မာကျပ်ငွေဖြင့်)** ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | **Spare Parts for Web Offset Printing Machines & CTP Machines**<br>– Orient (X-cel/ Super) (1 Lot)<br>– Goss Community (1 Lot)<br>– Naph Graphics (Koncept) (1 Lot) | Lot | 1 |
| (ခ) | **Spare Parts for Computer to Plate Machines**<br>– CTP (Screen/Cron) (1 Lot) | Lot | 1 |
| (ဂ) | Camera Z9 (Body Only) | No | 1 |
| (ဃ) | Camera Z 800mm f/6.3 VR S Lens | No | 1 |
| (င) | Camera Z 20mm f/1.8 S Lens | Nos | 2 |
| (စ) | Camera Z 50mm f/1.2 S Lens | Nos | 2 |
| (ဆ) | Camera Z 14–24mm f/2.8 S Lens | Nos | 2 |
| (ဇ) | Camera Z Teleconverter TC–2.0x | Nos | 2 |
| (ဈ) | Camera FTZ II Adaptor | Nos | 2 |
| (ည) | Air Conditioner (1.5)HP | Nos | 6 |
| (ဋ) | Desktop Computer (APPle iMac) | Set | 1 |
| (ဌ) | Desktop Computer | Sets | 5 |
| (ဍ) | UPS (1250 VA) | Nos | 20 |
| (ဎ) | UPS (650 VA) | Nos | 30 |
| (ဏ) | Fax Machine | Nos | 5 |
| (တ) | Printer (B/W) (A4) | Nos | 4 |
| (ထ) | Copier (A3) | Nos | 3 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆–၄–၂၀၂၃ ရက်နေ့မှ ၈–၅–၂၀၂၃ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် Spare Parts for Web Offset Printing Machines & CTP Machines တင်ဒါ (၁)စောင်လျှင် ၁၀,၀၀၀/ကျပ်နှုန်းဖြင့်လည်းကောင်း၊ Camera & Accessories တင်ဒါ (၁)စောင်လျှင် ၅,၀၀၀/–ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ တင်ဒါ(၁)စောင်လျှင် ၅,၀၀၀/–ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာညွှန်ကြားချက်များနှင့်အညီကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ **(Technical Proposal)**နှင့် ဈေးနှုန်းအဆိုပြုလွှာ **(Financial Proposal)**များကို သီးခြားစီခွဲ၍ ၈–၅–၂၀၂၃ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁%အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ **PG (Performance Bank Guarantee)**ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း– ၀၆၇–၃၄၁၂၁၂၃၊ ၀၆၇–၃၄၁၂၁၂၈၊ ၀၁–၈၂၀၁၁၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ကော်မတီ** |
| **ဖုန်း– ၀၆၇–၃၄၁၂၁၂၃၊** | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** |
| **၀၆၇–၃၄၁၂၆၆၂၊** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **၀၆၇–၃၄၁၂၁၂၈** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း– ၀၆၇–၃၄၁၂၁၂၃၊** |
| | **၀၆၇–၃၄၁၂၆၆၂၊** |
| | **၀၆၇–၃၄၁၂၁၂၈** |

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စက္ကူ၊ မင်၊ ပလိတ် နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၃–၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို **(မြန်မာကျပ်ငွေဖြင့်)** ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | 30" Newsprint Paper 45.0 ±1.0 Gsm | တန် | ၂၄၁၀ |
| (ခ) | Coldset Web Offset Printing Ink(Black) | ကီလို | ၂၅၀၀၀ |
| (ဂ) | Coldset Web Offset Printing Ink(Cyan) | ကီလို | ၁၂၅၀၀ |
| (ဃ) | Coldset Web Offset Printing Ink(Magenta) | ကီလို | ၉၀၀၀ |
| (င) | Coldset Web Offset Printing Ink(Yellow) | ကီလို | ၁၂၃၀၀ |
| (စ) | Fountain Solution | လီတာ | ၆၃၀၀ |
| (ဆ) | Positive Thermal CTP Plate(Kodak) (889x574x0.3)mm | ချပ် | ၁၅၀၀၀ |
| (ဇ) | Positive Thermal CTP Plate (Kodak)(889x557x0.3)mm | ချပ် | ၃၅၀၀၀ |
| (ဈ) | Positive Thermal CTP Plate (Kodak)(889x609x0.3)mm | ချပ် | ၆၉၃၀၀ |
| (ည) | Positive Developer(Kodak) | လီတာ | ၆၀၀၀ |
| (ဋ) | Rubber Blanket(889x615x1.68)mm | ချပ် | ၃၀ |
| (ဌ) | Rubber Blanket(889x651x1.68) mm(X–cel) | ချပ် | ၅၀ |
| (ဍ) | Rubber Blanket(889x593x1.7)mm | ချပ် | ၆၀ |
| (ဎ) | Rubber Blanket(889x626x1.7)mm | ချပ် | ၂၀ |
| (ဏ) | Rubber Blanket(905x620x1.7)mm | ချပ် | ၃၀ |
| (တ) | Plate Cleaner | လီတာ | ၆၀၀ |
| (ထ) | Gum Arabic | လီတာ | ၁၁၈၀ |
| (ဒ) | Sharp A3 Copier Toner Cartridge | ဘူး | ၈၀ |
| (ဓ) | 165 A3 Copier Toner Cartridge | ဘူး | ၉၀ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆–၄–၂၀၂၃ ရက်နေ့မှ ၈–၅–၂၀၂၃ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စက္ကူတင်ဒါ (၁)စောင်လျှင် ၃၀,၀၀၀/– ကျပ် နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်မင်တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/–ကျပ် နှုန်းဖြင့်လည်းကောင်း၊ ပလိတ်နှင့်ပုံနှိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများအတွက် တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/–လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈–၅–၂၀၂၃ ရက်နေ့ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ **PG(Performance Bank Guarantee)** ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၂၁၂၃၊ ၀၆၇–၃၄၁၂၆၆၂၊ ၀၆၇–၃၄၁၂၁၂၈၊ ၀၁–၈၂၀၁၁၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ကော်မတီ** |
| **ဖုန်း– ၀၆၇–၃၄၁၂၁၂၃၊** | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** |
| **၀၆၇–၃၄၁၂၆၆၂၊** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **၀၆၇–၃၄၁၂၁၂၈** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း– ၀၆၇–၃၄၁၂၁၂၃၊** |
| | **၀၆၇–၃၄၁၂၆၆၂၊** |
| | **၀၆၇–၃၄၁၂၁၂၈** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၄၉၊ မြေကွက်တည်နေရာအမှတ်–၁၄၉၊ မိဂသီ(၂၂)လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်တုတ်[၁၂/ဥကတ(နိုင်)၁၁၇၇၁၅] နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်တုတ်(မိခင်)နှင့် ဦးခင်ထွန်း(ဖခင်)တို့အသီးသီး ကွယ်လွန်သဖြင့် ဦးမြင့်ခိုင်[၁၂/ဥကတ(နိုင်)၁၁၈၂၂၉]၊ ဒေါ်ညိုညို[၁၂/ဥကတ(နိုင်)၀၄၉၆၇၁]၊ ဦးအောင်မြင့်[၁၂/ဥကတ(နိုင်)၀၂၀၉၈၀]၊ ဒေါ်ရီရီချို[၁၂/ဥကတ(နိုင်) ၁၁၇၇၂၃] တစ်ဦးတည်းသောသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၂၀၆၂/၂၀၂၂(၂၃–၁၂–၂၀၂၂)၊ ထောက် ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်၊ သေစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် လူပျောက်ကြေညာခြင်း



ကျွန်ုပ်မိတ်ဆွေ၏ ဇနီးဖြစ်သူ မမြင့်သီတာခိုင်(ဘ)ဦးလှမြင့် (မိ)ဒေါ်ခင်အုံးမြင့်၊ အသက် (၃၅) နှစ်၊ အရပ် ၅' ၅"ခန့်ရှိ ဗမာ/ဗုဒ္ဓ၊ မှတ်ပုံတင်အမှတ်[၁၂/မရက (နိုင်)၁၄၄၃၀၉] ကိုင်ဆောင်သူသည် ၁-၃-၂၀၂၃ ရက်နေ့ နံနက် ၁၀:၃၀ နာရီခန့်တွင် ရန်ကုန်မြို့၊ ဝါးတန်းလမ်းသို့ သွားရောက်ရာတွင် ယနေ့တိုင် ပြန်လည်ရောက်ရှိ လာခြင်း မရှိပါသဖြင့် တွေ့ရှိပါက ကိုထွန်းမင်းလတ်၊ ဖုန်း-၀၉-၇၉၀၈၄၄၈၄၄ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးပိုင်(စဉ်-၂၂၇၆၀)**
**LL.B,D.M.L, D.B.L,D.I.L**
**အထက်တန်းရှေ့နေ**
**အခန်း(၄၀၄/၃၅)၊ (၁)လမ်း၊ (စီ)ဘလောက်၊ (၉၄)ရပ်ကွက်၊**
**ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၀၈၇၅၉၆၉၊ ၀၉-၆၈၃၁၃၆၉၂၆**

## "ကန့်ကွက်နိုင်ပါသည်"

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၃၇၆)ဟု မှတ်သားတည်ရှိသော ဒေါ်ဟာဝါဘီ (ISN-၀၁၅၈၆၃) အမည်ပေါက် အကျယ်အဝန်း (၄၀ပေx၆၀ပေ) ပါမစ်မြေကွက်အနက်မှ အမှတ်(၁၃၇၇)နှင့် ကပ်လျက်တည်ရှိသော (၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံသူ ဒေါ်သင်းသင်းလှိုင် [၁၂/ဒဂတ(နိုင်)၀၁၆၁၀၆]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်** စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ်ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရိန်ကျော် (ဥပဒေဘွဲ့) (စဉ်-၅၂၃၄၅) အထက်တန်းရှေ့နေ**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၇**

## ဒေါ်တိုးတိုးလှိုင် [၇/ပခတ(နိုင်) ၀၈၈၆၂၂]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၂)လမ်း၊ အမှတ်(၁၅) မြေညီထပ်တွင် ဖွင့်လှစ်ထားသော Ocean Majesty Shipping Lines Co.,Ltd ၏ (Managing Director)ဖြစ်သူ ဦးထွန်းအောင်လင်း [၁၂/ဗတထ(နိုင်) ၀၄၀၀၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်တိုးတိုးလှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ နှင်းပန်းလမ်း၊ အမှတ်(၁၀)၊ (ပထမထပ်)နေ ဒေါ်တိုးတိုးလှိုင် [၇/ပခတ(နိုင်) ၀၈၈၆၂၂] (ယခုနေရပ်လိပ်စာမသိသူ) သိစေရန်အတွက် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေ ဦးထွန်းအောင်လင်းမှ လုပ်ကိုင်လျက်ရှိသော **Ocean Majesty Shipping Lines Co.,Ltd** ၌ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ကိုင်ခဲ့သည်ကို လူကြီးမင်းအသိပင်ဖြစ်ပါသည်။

၂။ လူကြီးမင်းသည် **Ocean Majesty Shipping Lines Co.,Ltd** မှ (၁၄-၁၀-၂၀၂၂)ရက်နေ့တွင် နုတ်ထွက်ကြောင်းနှင့် ငွေကျပ်သိန်း(၉၀)တိတိ လက်ခံရယူခဲ့ပြီးသော်လည်း **"ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**၏ သဘော်သားဌာနခွဲ၌ **Ocean Majesty Shipping Lines Co.,Ltd** ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း အတည်ပြု လက်မှတ်ရေးထိုးဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါသည်။

၃။ ထို့ကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း လူကြီးမင်းသည် "ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"၏ သဘော်သားဌာနခွဲ၌ **Ocean Majesty Shipping Lines Co.,Ltd** ၏ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း စာတင်ပေးပါရန် အသိပေးအကြောင်းကြား တောင်းဆိုအပ်ပါသည်။ အကယ်၍ လူကြီးမင်းမှ "ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"၏ သဘော်သားဌာနခွဲ၌ ကျွန်ုပ်မိတ်ဆွေ၏ **Ocean Majesty Shipping Lines Co.,Ltd** ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြောင်း စာမတင်ပေးပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်တိုးတိုးလှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)**
**(တရားလွှတ်တော်ရှေ့နေ)**
**ရုံးခန်း။ ။ အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊**
**ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊**
**၀၉-၇၉၅၄၂၀၉၉**

## ပျောက်ဆုံးကြောင်း

ဦးမျိုးဇော်ဝင်း (ISN-654024) ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-450037878**

## ပျောက်ဆုံးကြောင်း

ဒေါ်လှဝင်း (ISN-629649) ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-450037878**

## ပျောက်ဆုံးကြောင်း

ဒေါ်မြသိန်း [၁၂/အစန(နိုင်) ၂၆၃၉၇၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-450037878**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂၅-၃-၂၀၂၃)ရက်စွဲ ကော်လံ (၂၃)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးအေးထွေး ပိုင်ဆိုင်ကြောင်းတွင် ဦးသီလ [၅/မမန(နိုင်)၀၀၅၇၃၇]၊ ဒေါ်သန်းမြ [၁၂/ဒလန(နိုင်)၀၁၁၀၉၁] ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၄-၂၀၂၃ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၃၀)ပါ အများသိစေရန် ဦးသီဟထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၆) ကြော်ငြာတွင် ဦးအေးမင်း (ဘ) ဦးဒါဝတ် [၁၂/ပဘတ(နိုင်)၀၀၃၀၂၉]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သက်ချမ်း [၁/မကန (ပြု) ၀၀၀၄၅၄]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၇၉၉၆၉၀၁၁**

# နိုင်ငံ

# သာယာ

# ဝပြောဖို့

# သဘာဝ

# တောတွေ

# ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတမြို့နယ်တွင် AMI စနစ်အကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် တပ်ဆင်အသုံးပြုရမည့်အိမ်သုံးမီတာ၊ ပါဝါမီတာ၊ စီတီမီတာနှင့် မီတာဆက်စပ်ပစ္စည်း(1) Lot အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၇.၄.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၄.၄.၂၀၂၃)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၇-၄-၂၀၂၃) (သောကြာနေ့) |
| ( ခ ) | တင်ဒါလျှောက်လွှာရောင်းချမှု ပိတ်သိမ်းမည့်ရက် | - (၂၅-၄-၂၀၂၃) (အင်္ဂါနေ့) (ညနေ ၁၆:၃၀ နာရီ) |
| ( ဂ ) | တင်ဒါရှင်းလင်းပွဲ ဆောင်ရွက်မည့်ရက်/အချိန် | - (၂၀-၄-၂၀၂၃) (ကြာသပတေးနေ့) (နံနက် ၁၀နာရီ) |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် ရက်/အချိန် | - (၂၈-၄-၂၀၂၃) (သောကြာနေ့) (နံနက် ၁၀ နာရီ) |
| ( င ) | တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - (၂၈-၄-၂၀၂၃) (သောကြာနေ့) (နံနက် ၁၀ နာရီ) |

၂။ အသေးစိတ်အချက်အလက်များကို မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မောင်ငံရပ်ကွက်၊ တောင်ဝိုင်းလမ်း၊ အရာတော်(၂)လမ်းထိပ်၊ မော်လမြိုင်မြို့ ဖုန်း- ၀၅၇-၂၀၂၄၂၈၇၊ ၀၅၇-၂၀၂၄၃၆၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း (အလယ်ဘလောက်)၊ အမှတ်(၂၀၄)၊ ပထမထပ် တွင် ရုံးခန်း ဖွင့်လှစ်ထားသော MYANMAR THANTHAR CO.,LTD ၏ မန်းနေးဂျင်းဒါရိုက်တာ ဦးကြည်ခိုင်သည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလိုအပ်ချက်များအရ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ဒေါ်မျိုးသီတာနွယ်အား မန်းနေးဂျင်း ဒါရိုက်တာအသစ်အဖြစ် ပြောင်းလဲမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ် MYANMAR THANTHAR CO.,LTD ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**MYANMAR THANTHAR CO.,LTD**
**Ph: 09-881147280**

## အထွေထွေကိုယ်စားလှယ်စာ (GP) ပြန်လည်ရုပ်သိမ်းခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ နယ်၊ အမှတ် (၄၅)၊ အေးစေတီရပ်ကွက်နေ ဦးမာနော် [၁/မကန(နိုင်)၀၄၇၄၃၉]မှ မြစ်ကြီးနားမြို့နယ် မြေစာရင်းဦးစီးဌာန၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၂-၃-၂၀၁၄)ရက်၌ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အိမ်အမှတ် (၂၇၈)နေ ဒေါ်လက်ချ်မီး [၁/မကန(နိုင်) ၁၀၃၄၂၆]အား လွှဲအပ်ခဲ့သည့် အထွေထွေကိုယ်စားလှယ် (GP) စာချုပ်စာတမ်း အမှတ် (၃၂၁)အား ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမာနော် (09448614286)**
**အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့။**

## ဒီကရီကို အတည်ပြုလုပ်ရန်
## အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ - ၂၂)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၉၂ နှင့် ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၅

| | | |
|---|---|---|
| ဦးဇော်ဇော်အောင် | နှင့် | ဒေါ်နော်ဂရင်း |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်း၊ အမှတ်(၅၇/၁၈၇၆)နေ တရားရှုံး ဒေါ်နော်ဂရင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၉၂ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်ဇော်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ မေလ (၅)ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းသန်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အိမ်သုံးမီတာ၊ပါဝါမီတာနှင့်မီတာဆက်စပ်ပစ္စည်းများ (1) Lot အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၇.၄.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၄.၄.၂၀၂၃)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ) ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် (၂၆၄)တွင် နေထိုင်သည့် ဒေါ်သန်းသန်းအေး (အေ/အာရ်ဂျီအင်န်-၀၁၄၀၉၆) (ဘ) ဦးစိန်ထွန်းမှ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၃/က)ရပ်ကွက်၊ အမှတ် (၅၉)၊ ယင်းမာလမ်းနေ ဒေါ်ကျင်ရီ (အမ်ဂျီဒီအင်န်-၀၀၃၅၂၀) (ဘ) ဦးဟုတ်စိန်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၉-၁-၂၀၀၂ ရက်က လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၉)ကို ဒေါ်သန်းသန်းအေး၏ ဆန္ဒအရ ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအေး**
**[အေ/အာရ်ဂျီအင်န်-၀၁၄၀၉၆]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ (၁၅)ရပ်ကွက်၊ မြေကွက်အမှတ်(၅၀၈/၁၅)၊ (၄၀'x၆၀') မြေကွက်(ပါမစ်)နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအောင်ဇော်ဝင်း [၁၂/လကန(နိုင်)၀၀၇၇၀၈] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်တော် ဦးဇော်ဝင်း [၅/မရန(နိုင်) ၀၃၃၅၃၀]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ မြေကွက်ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**ဖုန်း- ၀၉-၅၀၅၂၉၆၁၊ ၀၉-၇၉၃၅၅၄၉၃၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကွေ့မအိမ်ရာ၊ တိုက်အမှတ်(၃)၊ (Shop House) အခန်းအမှတ်(၅)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဗိုလ်မှူးနေလင်း [၁၂/မဂဒ(နိုင်)၀၁၇၆၁၁]ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်သင်းသင်းမွေး [၁၂/လမတ(နိုင်)၀၀၆၁၃၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၆၃)၊ (ဒ/၁၇)ရပ်ကွက်၊ မော်ဘီလမ်းမကြီး၊ မြေကွက်အမှတ် (၁၇၆၁/က၊ ခ)၊ အလျား(၄၀)ပေxအနံ(၆၀)ပေ မြေကွက်၊ ဒေါ်ခင်ပု(ကစ ဦးမြင့်အောင်) အမည်ပေါက်ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလှိုင်မျိုးမင်း [၈/နမန(နိုင်)၁၀၂၆၁၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးခင်မောင်ထွန်း [၁၂/အစန(နိုင်)၀၄၄၆၇၁]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးထွေးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၂၇)**
**အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာ။**
**ဖုန်း- ၀၉-၄၂၀၀၆၆၇၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်မ ဒေါ်နော်ပွေ့ရှီး [၁၄/သပန(နိုင်)၁၀၀၉၂၆]သည် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၁/၃၆ ရပ်ကွက်၊ ရွှေမေတ္တာထန်းတပင်လမ်း၊ အမှတ် ၅၃၁(က) ဟုခေါ်တွင်သော မြေကွက် (၃၀ပေx၆၀ပေ)အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန္ဒာဝင်း [၁၂/ရပသ(နိုင်) ၀၃၃၅၈၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြသည့်လိပ်စာပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဝယ်ယူသူ)**
**ဒေါ်နော်ပွေ့ရှီး [၁၄/သပန(နိုင်)၁၀၀၉၂၆]**
**အမှတ်-၅၃၁(က)၊ ၁/၃၆ရပ်ကွက်၊ ရွှေမေတ္တာထန်းတပင်လမ်း၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၈၉၈၉၈၀၆၀၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **ကျွန်တော်တို့အစိုးရအနေနဲ့ "ကျွန်တော်တို့နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ် " ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့ မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## လူ့အခွင့်အရေးအရေခြုံ၍ အချုပ်အခြာ အာဏာပိုင်နိုင်ငံအား ဝင်ရောက်စွက်ဖက်နေသည့် ဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံက ပြတ်သားစွာဆန့်ကျင်ပယ်ချ

(၆-၄-၂၀၂၃ ရက်၊ နေပြည်တော်)

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးပွဲကို ၆-၃-၂၀၂၃ ရက်နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀-၃-၂၀၂၃ ရက်တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂက တင်သွင်းခဲ့သည့် "မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို လူ့အခွင့်အရေးကောင်စီက ၄-၄-၂၀၂၃ ရက်တွင် အတည်ပြုချမှတ်ခဲ့သည်။ အလားတူ ၁၆-၃-၂၀၂၃ ရက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကလည်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ရှင်းလင်းဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အထက်ပါဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ☆

---

## သီတက္ကန်(မြောက်) ကျေးရွာမှ ထွက်ရှိသည့် သကြိန်အတာအိုးများ ယမန်နှစ်ကထက် ရောင်းအားကောင်း

မိတ္ထီလာ မေ ၆

မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာမှ ထွက်ရှိသည့် မြန်မာ့ရိုးရာ မဟာသကြိန်အကြို အတာအိုးများ ယမန်နှစ်ကထက် ပိုမိုရောင်းအားကောင်းလျက်ရှိကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

သီတက္ကန်(မြောက်) ကျေးရွာနေပြည်သူများသည် မိရိုးဖလာလုပ်ငန်းအဖြစ် အိုးလုပ်ငန်းကို အိမ်ထောင်စု ၅၀ ကျော် လုပ်ကိုင်လျက်ရှိကြောင်း၊ အိုးလုပ်ရာတွင် သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဆွမ်းလောင်းအိုး၊ ပန်းစိုက်အိုး၊ စလောင်းဖုံး၊ ဆီမီးခွက်၊ အတာအိုး၊ မြူအိုးတို့ကို စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ◆



---

**ယနေ့ ဖတ်စရာ**

KG+12 ပြီးမြောက် အောင်မြင်လာသော ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

စာမျက်နှာ » ၁၄

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝုရှုးအားကစားနည်း ပြိုင်ပွဲအသွင် လက်ရည်ဆန်းစစ်ပြိုင်ပွဲကျင်းပ

စာမျက်နှာ » ၁၅